# မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများ၏ ရပိုင်ခွင့်များနှင့် စီးပွားရေးလုပ်ငန်းများ

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန

ဆွေးနွေးရန်တင်ပြချက်

ဖေဖော်ဝါရီလ ၂၀၁၆ ခုနှစ်

**ကျေးဇူးတင်လွှာ**

ဤစာတမ်း ဖြစ်မြောက်ရေးအတွက် အတူလက်တွဲဆောင်ရွက်ခဲ့သော အဖွဲ့အစည်းများဖြစ်သည့် မြန်မာ့စီးပွားရေး ကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန(MCRB) အားပံ့ပိုး ထောက်ပံ့မှုများ အမြဲပေးနေသော ဒိန်းမတ်နိုင်ငံအစိုးရ၊ အိုင်ယာလန် နိုင်ငံအစိုးရ၊ နယ်သာလန်နိုင်ငံ အစိုးရ၊ နော်ဝေနိုင်ငံအစိုးရ၊ ဆွစ်ဇလန်နိုင်ငံ အစိုးရနှင့် ယူနိုက်တက်ကင်းဒမ် နိုင်ငံအစိုးရတို့အား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ပြောကြားလိုပါသည်။

ဤစာတမ်းကို MCRB မှ မကြာမီက ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့သော Myanmar IPEN Network နှင့် POINT (Promotion of Indigenous and Nature Together) အဖွဲ့တို့မှ တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်သော ညှိနှိုင်းဆွေးနွေးပွဲမှ ရရှိခဲ့သော ဆွေးနွေးချက်များကိုအခြေခံကာ Vicky Bowman နှင့် ဒေါ်နင်းဝတ်ရည်တို့၏ အကြံပြုချက်များဖြင့် IHRB မှ Donna Guest ကရေးသားတင်ပြထားခြင်းဖြစ်ပါသည်။

မြန်မာ့ စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (Myanmar Centre for Responsible Business MCRB) ကို ၂၀၁၃ ခုနှစ်တွင် Institute for Human Rights and Business (IHRB) နှင့် ဒိန်းမတ်နိုင်ငံ အခြေစိုက် Danish Institute for Human Right (DIHR) တို့က အခြားနိုင်ငံအစိုးရများ၏ အကူအညီဖြင့် ထူထောင်ခဲ့ခြင်းဖြစ်ပါသည်။ MCRB အဖွဲ့ကို ရန်ကုန်မြို့တွင် အခြေစိုက်ပြီး စီးပွားရေးအဖွဲ့အစည်းများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် အစိုးရအဖွဲ့အစည်း များအကြား ပညာဗဟုသုတ ဖြစ်စေရန်လည်းကောင်း၊ အရည်အသွေး မြင့်မား စေရေးကိုလည်းကောင်း၊ နှစ်ဦးနှစ်ဖက်အကြား ဆွေးနွေးညှိနှိုင်းမှုများ ဖြစ်ပေါ်လာစေရန်နှင့် မြန်မာနိုင်ငံတွင်တာဝန်သိ သော စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာရေးအတွက် အများ၏ယုံကြည်မှုကို ရရှိသော အဖွဲ့အစည်း တစ်ရပ်ဖြစ်ပေါ်လာ စေရန်လည်းကောင်း ရည်ရွယ်ဖွဲ့စည်းခဲ့ပါသည်။ တာဝန်သိသောစီးပွားရေးလုပ်ငန်းဆိုသည်မှာ မြန်မာနိုင်ငံ၏ ရေရှည် အကျိုးစီးပွားများအတွက် ဆောင်ရွက်သော တာဝန်ယူမှုရှိသော နိုင်ငံတကာအဆင့်အတန်းများနှင့်အညီ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက် ချက်များကို လေးစားလိုက်နာသော စီးပွားရေးလုပ်ငန်းများကိုဆိုလိုပါသည်။

*(Copyright Myanmar Centre for Responsible Business (MCRB), Institute for Human Rights and Business (IHRB) and Danish Institute for Human Rights (DIHR) ဖေဖော်ဝါရီ ၂၀၁၆)*

**MCRB, IHRB** နှင့် **DIHR** တို့က ထုတ်ဝေသည်။

ဤစာတမ်းပါ ကောက်နုတ်ချက်များကို MCRB, IHRB နှင့် DIHR တို့က အများအား လွတ်လပ်စွာ ကူးယူ ဖော်ပြခွင့်ပြုပါသည်။ သို့ရာတွင် ယင်းသို့ကူးယူဖော်ပြသော စာစောင်များ အနေဖြင့် မူရင်းစာစောင်ကို အသိအမှတ်ပြု ဖော်ပြရန်လိုအပ်ပြီး အဆိုပါ ပုံနှိပ်စာစောင်၊ မိတ္တူတစ်စောင်ကို အောက်ဖော်ပြပါ ဌာနများသို့ ပေးပို့ရန်လိုအပ်ပါသည်။ ဤစာတမ်းအား ထပ်ဆင့်မိတ္တူကူးယူခြင်း၊ ဘာသာပြန်ဆိုခြင်းရှိပါက MCRB, IHRB နှင့် DIHR တို့သို့ဆက်သွယ်၍ ခွင့်ပြုချက်ရယူရန်လိုအပ်ပါသည်။

***All right Reserved***

မာတိကာ


၁။ **စာတမ်းမိတ်ဆက်** ၅

- ဝေါဟာရများ

၂။ **နိုင်ငံတကာစံနှုန်းများ** ၇

- လွတ်လပ်စွာကြိုတင်အသိပေး၍ သိရှိပြီးဖြစ်သောသဘောတူညီမှု

၃။ **ဌာနေတိုင်းရင်းသားတို့နှင့် စပ်လျဉ်းသော အကောင်းဆုံးလုပ်နည်းလုပ်ဟန်များ** ၁၃

- သဘာဝသယံဇာတထုတ်ယူသုံးစွဲသောလုပ်ငန်းများ

၄။ **မြန်မာနိုင်ငံ၏ တိုင်းရင်းသားနှင့် ဌာနေတိုင်းရင်းသားများ** ၂၁

- တိုင်းရင်းသားများနှင့် စပ်လျဉ်းသော ဥပဒေများ
- တိုင်းရင်းသား လက်နက်ကိုင်များနှင့် ပဋိပက္ခများ၊ လူ့အဖွဲ့အစည်းများအကြား ပဋိပက္ခများ။
- ဌာနေတိုင်းရင်းသားများရိုးရာမြေပိုင်ဆိုင်မှုနှင့် လူ့အဖွဲ့အစည်းမှ စုပေါင်းပိုင်ဆိုင်သောမြေ
- ဌာနေတိုင်းရင်းသားအမျိုးသမီးများနှင့် မြေနှင့်စပ်လျဉ်းသောရပိုင်ခွင့်

၅။ **ကုမ္ပဏီများ ရင်ဆိုင်ရမည့် စိန်ခေါ်မှုများနှင့် စဉ်းစားရန်အချက်များ** ၃၂

- ယုံကြည်မှုမရှိခြင်း
- ပွင့်လင်းမြင်သာမှုမရှိခြင်း
- ပြုပြင်ပြောင်းလဲနိုင်ရန် အခြေအနေများမရှိခြင်း
- နိုင်ငံတော်အနေဖြင့် ဌာနေတိုင်းရင်းသားများအား အသိအမှတ်ပြုမှုမရှိခြင်း
- လွတ်လပ်စွာကြိုတင်အသိပေး၍ သိရှိပြီးဖြစ်သော သဘောတူညီမှုရရှိရန် မည်သို့ဆောင်ရွက်ရမည်ဆိုသော လုပ်ငန်းစဉ်အား နိုင်ငံတော် ၏ လိုအပ်ချက် အဖြစ် သတ်မှတ်မထားခြင်း။
- ယင်းသို့ သဘောတူညီမှု ရယူရန် မည်သို့ ဆောင်ရွက်ရမည်ဟု လုပ်ငန်းစဉ် မရှိခြင်း
- လက်နက်ကိုင်ပဋိပက္ခ နှင့် လုံခြုံရေးပြဿနာများ
- မြေသိမ်းပိုက်မှုများ၏ နောက်ဆက်တွဲပြဿနာများ
- သယံဇာတမှ ရရှိသောအကျိုးအမြတ်များခွဲဝေခံစားခွင့် မရှိခြင်း
- မနုဿဗေဒပညာရှင်များနှင့် လူမှုရေး အကာအကွယ်ပေးရေးဆိုင်ရာ ပညာရှင်များရှားပါးမှု

**၆။ ကုမ္ပဏီများသို့ အကြံပြုချက်များ** ၄၀

- နယ်မြေသို့ မလာရောက်မီ
- သက်ဆိုင်ရာဒေသသို့ ရောက်လျှင်ရောက်ချင်းဆောင်ရွက်ရန်
- တွေ့ဆုံဆွေးနွေးမှုများ
- ကန့်ကွက်မှုများနှင့် မကျေနပ်ချက်များ
- လွတ်လပ်စွာကြိုတင်အသိပေး၍ သိရှိပြီးဖြစ်သောသဘောတူညီမှု ရရှိရန် လိုအပ်သောကဏ္ဍများ

**၇။ လမ်းညွှန်ချက်များ** ၄၅

**၈။ ဆက်သွယ်ရန်** ၄၅

**၉။ ဝေါဟာရများ** ၄၇

## ၁။ စာတမ်းမိတ်ဆက်

ဤမြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးရပိုင်ခွင့်များနှင့် စီးပွားရေး လုပ်ငန်းများ စာတမ်းသည် (MCRB) ၏ စာစဉ်များအနက် စာစဉ်တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် ဌာနေတိုင်းရင်းသားများ ပျံ့နှံ့နေထိုင်လျှက်ရှိရာတွင် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားနေသော နေရာများ၌အများဆုံးတွေ့ရှိရပါသည်။ ယခုစာတမ်းတွင် နိုင်ငံတကာအဆင့်အတန်းများနှင့် နိုင်ငံတွင်း ဥပဒေများကို အကျဉ်းသုံးသပ်မှုများ အပါအဝင် ဌာနေတိုင်းရင်းသားများ၏ နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ အကြောင်းအခြင်းရာများကို ဖော်ပြထားပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ဌာနေတိုင်းရင်းသားများအရေးနှင့် စပ်လျဉ်းသော လက်ရှိကျင့်သုံးနေသည့် မူဝါဒများ၊ ဥပဒေရေးရာ၊ နိုင်ငံရေးဘောဂဗေဒအမြင်များကိုပါဖော်ပြထားပါသည်။ ဤစာတမ်းသည် ဥပဒေရေးရာ အကြံပြုချက်အား အစားထိုးအသုံးပြုနိုင်သည့် စာတမ်းတစ်စောင်မဟုတ်ပါ။ ဤစာတမ်းသည် မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံကြမည့် စီးပွားရေးအဖွဲ့အစည်းများအား ဌာနေတိုင်းရင်းသားများ၏ လူ့အခွင့်အရေးများကို မည်သို့လေးစားရမည်၊ နိုင်ငံတကာ စံနှုန်းများကို မည်သို့ဆက်စပ် အသုံးချနိုင်သည်ကိုပါ နားလည်နိုင်စေရန် ရည်ရွယ်၍ ဖော်ပြထားပါသည်။

သို့ရာတွင် ဤစာတမ်း၏ ရည်မှန်းချက်တစ်ရပ်မှာ မြန်မာနိုင်ငံရှိအရပ်ဘက်လူ့အဖွဲ့အစည်း၊ ဌာနေတိုင်းရင်းသားအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံအစိုးရအားလည်း လိုအပ်သည့်အချက်အလက်များ မျှဝေရန်ဖြစ်ပါသည်။ စီးပွားရေးဆိုင်ရာအကြောင်းအရာကိစ္စများကိုအခြေခံ၍ ကုမ္ပဏီများအနေဖြင့် ဒေသတွင်းဆိုင်ရာ လူများနှင့်ဆက်ဆံရေးတည်ဆောက်ရန်နှင့် တန်ဖိုးများကိုအတူဝေမျှပြီး ယင်းဒေသအတွင်းတွင် အချိန်ကာလကြာရှည်စွာ လုပ်ကိုင်နိုင်ရန်အတွက်ဖြစ်ပါသည်။ ဒေသခံများသည် ဌာနေတိုင်းရင်းသားများဖြစ်လျှင် ကိစ္စရပ်များသည် ပို၍ရှုပ်ထွေးပါသည်။ ၎င်းတို့အား နိုင်ငံတော်နှင့်ဆိုင်သော လိုအပ်သောတရားရေးရာများ၊ နိုင်ငံတကာစံနှုန်းများဖြင့်လည်း တွန်းအားပေးခြင်းခံရမည်။ ဤအရာများကြောင့် ကုမ္ပဏီများသည် ဌာနေတိုင်းရင်းသားများဖြင့် တရားဝင် စာချုပ်များ၊ သဘောတူညီမှုများ ဆောင်ရွက်ရသည်အထိ ဖြစ်နိုင်ပါသည်။

မြန်မာနိုင်ငံ၏ ဌာနေတိုင်းရင်းသားများအပေါ် အဓိကသက်ရောက်မှုမှာ မြေနှင့်ယဉ်ကျေးမှုဝန်းကျင် ပေါ်တွင်ဖြစ်ပါသည်။ ယင်းတို့မှာ သယံဇာတထုတ်ယူသုံးစွဲသော လုပ်ငန်းများ (ရေနံနှင့် ဓာတ်ငွေ့၊ ဓာတ်သတ္တုတူးဖော်ခြင်း) ၊ စိုက်ပျိုးရေး(စိုက်ပျိုးရေးခြံများ ၊ကန်ထရိုက်စနစ်ဖြင့်စိုက်ပျိုးခြင်းများ) အခြေခံအဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းများ(စက်မှုဇုံများ၊ ဆက်သွယ်ရေး)၊ ပို့ဆောင်ရေးလုပ်ငန်းများ(လမ်းမကြီးများ၊ ရထားလမ်းများ၊ လေဆိပ်များ၊ စွမ်းအင်ထုတ်လုပ်မှု၊ ရေအားလျှပ်စစ်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်သော စက်ရုံများ) နှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတို့ဖြစ်သည်။ အထက်ပါ စီးပွားရေး ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများအား ဤစာတမ်းကို ဖတ်ရှုလေ့လာရန် အကြံပြုပါသည်။

ကုမ္ပဏီအနေဖြင့် ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များကို လေးစားလိုက်နာရန် မူလကပင် မူဝါဒများရှိပြီးဖြစ်လျှင် ဤစာတမ်းက မြန်မာနိုင်ငံတွင်လာရောက် ရင်းနှီးမြှုပ်နှံရာတွင် မည်သို့ဆောင်ရွက်သင့်သည်ကို အကြံဉာဏ်ကောင်းများ ရစေပါမည်။ လူ့အခွင့်အရေးနှင့် ဆိုင်သော ကိစ္စရပ်များ တွင် အရေးထားဆောင်ရွက်နိုင်ရန် လမ်းညွှန်မှုများပေးပါလိမ့်မည်။ အထူးသဖြင့် ဌာနေ တိုင်းရင်းသားများ၏ မြေပိုင်ဆိုင်မှုကို လေးစားလိုက်နာရေး၊ ဒေသခံ လူ့အဖွဲ့အစည်းများ နှင့် ထိရောက်သော ဆက်ဆံရေးများကို တည်ဆောက်ရေး၊ နစ်နာမှုများကို ဖြေရှင်းပေးနိုင်မည့် ယန္တရားတစ်ရပ် ဖော်ဆောင်ရေးကို အထောက်အကူဖြစ်စေပါမည်။

စာတမ်း၏နောက်ထပ်ရည်ရွယ်ချက်မှာ ဌာနေတိုင်းရင်းသားများအဖွဲ့များ အပါအဝင် မြန်မာနိုင်ငံရှိအရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံအစိုးရကို သတင်းများ ပေးရန်ဖြစ်ပါသည်။ စာတမ်း၏နောက်ဆုံးတွင်ကုမ္ပဏီများအနေဖြင့်ဆောင်ရွက်သင့်သည်များ၊ဂရုပြုသင့်သည့်အချက်များ စသည်ဖြင့်ဖော်ပြထားရာ ယင်းအကြံပြုချက်များသည် သက်ဆိုင်ရာကုမ္ပဏီအဖို့ နိုင်ငံတကာအဆင့်အတန်း များနှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့် ဌာနေတိုင်းရင်းသားလူ့အဖွဲ့အစည်းများ၏ သဘောတူ လက်ခံမှုရရှိနိုင်ရေးကိုသာမက အခြားသက်ဆိုင်ရာလူ့အဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်သွား နိုင်ကြလိမ့်မည်ဟုတင်ပြရင်း နိဂုံးချုပ်ထားပါသည်။

ဤစာတမ်း၏အစိတ်အပိုင်းတစ်ခု အနေဖြင့် MCRB သည် တိုင်းရင်းသားများ၊ ဌာနေတိုင်းရင်းသား ၏ စီးပွားရေးဆိုင်ရာ စီမံကိန်းများ အပေါ်ထင်မြင်ချက်များနှင့်ယင်းတို့သည် ၄င်းတို့အားမည်သို့ သက်ရောက်နေသည်တို့ကိုဆွေးနွေးပွဲ (၂) ကြိမ်လုပ်ခဲ့ပါသည်။ မြန်မာပြည်သူ့ဖိုရမ်တွင်တက်ရောက်ခဲ့သည့် သူများ၏ ပြောကြားချက်များအရ အစိုးရအနေဖြင့် ဌာနေတိုင်းရင်းသားများအတွက် မြေယာနှင့်ဆိုင်သောကိစ္စရပ်များတွင် တိကျရှင်းလင်းပြီး လက်လှမ်းမှီနိုင်သော ဥပဒေများကိုလုပ်ဆောင်သင့်သည်ဟုအဆိုပြုကြသည်။ ထိုသူများသည်ဗဟိုအစိုးရက စီးပွားရေးလိုင်စင် များကိုထုတ်ပေးနေခြင်းကြောင့် ဒေသတွင်းအစိုးရဝန်ထမ်းများသည် စီမံကိန်းနှင့်ဆိုင်သော အကြောင်းအရာများကို မသိရှိဟုတင်ပြခဲ့သည်။ ထို့ကြောင့် ဆုံးဖြတ်ချက်များကိုပြုလုပ်ရာတွင် ဒေသခံလူများကိုပါဝင်ခွင့်ပြုပြီး ဗဟိုအစိုးရ၏ လုပ်ပိုင်ခွင့် အာဏာစသည်တို့ကို ဒေသအစိုးရသို့လွှဲပြောင်းသင့်သည်။ တချို့သောတက်ရောက်လာသူများ၏ ပြောကြားချက်များအရ စီးပွားရေးသမားများသည် ဒေသခံတိုင်းရင်းသားများအား ကတိများမဖောက်ဖျက်ဘဲ ဒေသခံများနှင့်ဆွေးနွေး၍ သတင်းစကားများရယူပြီး ဒေသခံများ၏ လိုအပ်ချက် အကြံဉာဏ်များကို နိုက်ထုတ်သင့်သည်။ ထို့ပြင် ထိရောက်သော မကျေနပ်မှုများကို တိုင်ကြားရန်လမ်းစဉ်ယန္တယားလည်းမရှိသေးကြောင်း တက်ရောက်လာသူများက တင်ပြခဲ့သည်။ နောက်ဆုံးတွင် ပါဝင်ခဲ့သူများသည် ပတ်ဝန်းကျင်နှင့်ဆိုင်သောသက်ရောက်မှုများနှင့် ထိုသူတို့၏စီးပွားရေး စီမံကိန်းများကြောင့် ဒေသခံများ၏ လူနေမှုများနှင့်ပတ်ဝန်းကျင်အား ထိခိုက်မှုများကိုဆန်းစစ်ခြင်းများနှင့် ဌာနေတိုင်းရင်းသားများ၏ ရိုးရာကိုလေးစားသင့်ပါသည်ဟု အဆိုပြုခဲ့ကြပါသည်။

**ဝေါဟာရအသုံးအနှုန်းများ**

ဌာနေတိုင်းရင်းသား(indigenous peoples) ဟူသောဝေါဟာရကို နိုင်ငံတကာဥပဒေများ၊ စံနှုန်းသတ်မှတ်ချက်များတွင်သုံးနှုန်းပါသည်။ သို့ရာတွင် အချို့အဖွဲ့အစည်းများက (Indigenous peoples) ဟူ၍လည်းကောင်းသုံးနှုန်းကြသော်လည်း ဤစာတမ်းတွင် ကုလသမဂ္ဂကအသုံးပြုသော indigenous peoples ဌာနေတိုင်းရင်းသားများဟု သုံးစွဲသွားပါမည်။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွင်းက MCRB အနေဖြင့် ရန်ကုန်မြို့တွင် ကရင်၊ ကရင်နီ၊ ရခိုင်၊ ချင်း၊ ကချင်၊ မွန်နှင့် ဓနု လူမျိုး ကိုယ်စားလှယ်ပေါင်း (၁၅) ဦးခန့် ပါဝင်သော ဆွေးနွေးပွဲ တစ်ရပ်ကို ရန်ကုန်မြို့တွင် ကျင်းပနိုင်ခဲ့ပါသည်။ ဆွေးနွေးပွဲတက်ရောက်လာသူများက "တိုင်းရင်းသား" (ethnic nationality) ဟူသော အသုံးအနှုန်းကို "တိုင်းရင်းသားလူနည်းစု" (ethnic minority) ဟူသောအသုံးအနှုန်းထက် ပိုမိုနှစ်သက်ကြသည်ကိုတွေ့ရပါသည်။ တိုင်းရင်းသားလူနည်းစုဟူသော အသုံးအနှုန်းသည် နိမ့်ချသည့်သဘောဆောင်သည်ဟုယူဆကြသည်။ (ကချင်လူမျိုး ကိုယ်စားလှယ်တစ်ဦးကဆိုလျှင် "ဌာနေ" indigenous ဆိုသောအသုံးအနှုန်းကိုပင် မကြိုက်ပါ။) ထို့ကြောင့် ဤစာတမ်းတွင် တိုင်းရင်းသား (ethnic nationality) ဟူသော ဝေါဟာရကိုသာ သုံးစွဲသွားပါမည်။

သို့ရာတွင် တစ်ခုသတိပြုရမည်မှာ မြန်မာဘာသာအရ တိုင်းရင်းသား ဟူသောဝေါဟာရသည် ethnic nationality နှင့် တိုင်းရင်းသားလူမျိုးစု (national race) ကိုပါ ရည်ညွှန်းပါသည်။ ဤသို့တိုင်းရင်းသား ဟူသော ဝါဟာရကို ယခင်စစ်အစိုးရ နှင့် အများအငြင်းပွားနေဆဲဖြစ်သော မြန်မာနိုင်ငံ၏ လူမျိုးစု ၁၃၅ မျိုးစာရင်းကို အတည်ပြုပေးသော မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ တွင်ပါသုံးစွဲထားပါသည်။ ထိုထဲတွင် ဗမာလူမျိုးအများစုလဲပါဝင်ပါသည်။ ဆွေးနွေးပွဲတွင် ဆွေးနွေးချက်များအရလည်း ယင်းသို့ အင်္ဂလိပ်နှင့်မြန်မာဘာသာအရ ခေါ်ဆိုမှုနှင့်စပ်လျဉ်း၍ အချင်းချင်းပင်သဘောပေါက်မှုများ၊ နားလည်မှုများ ကွဲပြားမှုရှိနေကြောင်း တွေ့ရသည်။

နောက်ဆက်တွဲ ဝေါဟာရ ရှင်းတမ်း(စာမျက်နှာ ၆၄)တွင် အကျယ်တဝင့် ဖတ်ရှုနိုင်ပါသည်။

**၂။ နိုင်ငံတကာစံနှုန်းများ**

ဌာနေတိုင်းရင်းသားများသည် မိမိနေထိုင်ကျက်စားရာဒေသ ရှိ လူမှုပတ်ဝန်းကျင်နှင့်မတူကွဲပြားသော ထူးခြားသည့်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကျယ်ကျယ်ပြန့်ပြန့် သယ်ဆောင်လာသူများ ဖြစ်သည်ဟု အားလုံးကလက်ခံထားပါသည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် ယင်းတို့သည် ကမ္ဘာပေါ်တွင် ပစ်ပယ်ခံထားရသော လူအုပ်စုများဖြစ်နေပြန်သည်။ ထို့ကြောင့် နိုင်ငံတကာဥပဒေများတွင် ယင်းလူမျိုးစုများ၏ လူပုဂ္ဂိုလ်ရေးဆိုင်ရာ လူမှုအဖွဲ့အစည်း ပိုင်ဆိုင်မှု

များ၊ ယဉ်ကျေးမှု ထုံးစံဓလေ့များ၊ လုပ်အားများ၊ သဘာဝ ပတ်ဝန်းကျင်တို့ကို ထိန်းသိမ်း စောင့်ရှောက်ရန် လိုအပ်ကြောင်း ဖော်ပြလာကြသည်။ နိုင်ငံတကာဥပဒေများအရလည်း ဌာနေတိုင်းရင်းသားများသည် မိမိတို့၏နိုင်ငံရေး ကံကြမ္မာ၊ စီးပွားရေး၊ လူမှုရေး နှင့်ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့ဆန္ဒအလျောက် လွတ်လပ်စွာဆောင်ရွက်ခွင့် ရှိသင့်ကြောင်းဖော်ထုတ်ရေးသားလာကြသည်။ ထို့အပြင် ဌာနေတိုင်းရင်းသားများနှင့် တွေ့ထိဆက်ဆံကြရာတွင် လိုက်နာကျင့်သုံးရမည့်နည်းလမ်းကို ရေးဆွဲပြဌာန်းကြရာတွင် လွတ်လပ်စွာကြိုတင် အသိပေး၍ သိရှိပြီးဖြစ်သော သဘောတူညီမှု (FPIC) နည်းလမ်းများကိုပါ ထည့်သွင်းလာကြပါသည်။ ILO Convention နံပါတ် ၁၆၉ တွင် ဌာနေတိုင်းရင်းသားများနှင့် မျိုးနွယ်စုများကို ကွဲပြားစွာရှင်းလင်းထားခြင်းမရှိပါ။ လက်တွေ့ကျကျဆိုရလျှင် ယင်းစာစောင်သည် လူအများစုက လက်ခံသောစကားလုံး ဖြစ်သည့် ဌာနေတိုင်းရင်းသားကို သုံးခဲ့ပြီး အခြားတစ်ယောက်မှာ နိုင်ငံတကာ ပြဌာန်းချက်များတွင် အသုံးပြုခဲ့ပါသည်။

ဌာနေတိုင်းရင်းသားများအနေဖြင့် နဂိုကပင်စီးပွားရေးနှင့် လူမှုရေးနယ်ပယ်များတွင် ပစ်ပယ်ထားခြင်းခံနေရသူများ ဖြစ်လေရာ ယင်းတို့အနေဖြင့် စီးပွားရေးလုပ်ငန်းများ၏ လူမှုအခွင့်အရေးချိုးဖောက်ခံရမှုများကို ခံစားရနိုင်သည်သာမက ဆုံးဖြတ်ပိုင်ခွင့်များပါ ဆုံးရှုံးနေကြရသည်။ ဤအချက်သည် မြန်မာနိုင်ငံတွင် သာမဟုတ် အခြားနေရာများတွင်လည်း ဖြစ်ပေါ်နေပါသည်။ မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများ အခြေချ နေထိုင်နေကြသော နေရာအမြောက်အများသည် သယံဇာတများ ပေါကြွယ်ဝပြီး စွမ်းအင်လောင်စာ၊ သဘာဝတွင်းထွက်သတ္တုနှင့် ကျောက်မျက်များ၊ သစ်တောကြီးများ သာမက စိုက်ပျိုးရေးဖွံ့ဖြိုးရန် အလားအလာရှိသော နေရာများတွင် နေထိုင်ကြသော ဌာနေတိုင်းရင်းသားများအနေဖြင့် ၎င်းတို့၏ သဘာဝရတနာများကို ပုဂ္ဂလိကကုမ္ပဏီများကဖြစ်စေ၊ အစိုးရ သို့မဟုတ် အခြားလက်နက်ကိုင် အဖွဲ့အစည်းများကဖြစ်စေ ထုတ်ယူသုံးစွဲရာတွင် ဒေသခံများအနေဖြင့် မည်သည့် အကျိုးခံစားခွင့်များမရသည့်အပြင် တစ်ခါတစ်ရံတွင် အဓမ္မနေရာရွှေ့ပြောင်းပေးရခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းနှင့် အဆိုပါ သဘာဝသယံဇာတများကို လိုချင်တက်မက်မှုကြောင့်ဖြစ်ရသော လက်နက်ကိုင်တိုက်ပွဲများ ကြောင့် ပိုမိုဆိုးရွားသော အခြေအနေများကိုပင် ရင်ဆိုင်နေကြရသည်။

ဌာနေတိုင်းရင်းသားများ၏အရေးများသည် ကမ္ဘာတဝှမ်းလုံးတွင် နှစ်ကာလရှည်ကြာစွာ အငြင်းပွားခဲ့၊ အငြင်းပွားဆဲ ပြဿနာများပင်ဖြစ်သည်။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ်၏ (1989 Convention No.169 Indigenous and Tribal Peoples) နှင့် ၂၀၀၇ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံက လက်ခံပြဌာန်းခဲ့သော UN Declaration on the Rights of Indigenous Peoples ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းတို့အရ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို အသိအမှတ်ပြုလာရသည်။ မြန်မာနိုင်ငံသည် အခြားနိုင်ငံများနည်းတူ ယင်းကုလသမဂ္ဂကြေညာချက် UNDRIP ကိုထောက်ခံ ဆန္ဒမဲပေးခဲ့ရပြီး လိုက်လျောညီထွေစွာ အကောင်အထည် ဖော်မည်ဟုဆိုခဲ့သည်။ မြန်မာအစိုးရအနေဖြင့် ဌာနေတိုင်းရင်းသားဟူသော ဝေါဟာရကို ဥပဒေကြောင်း

အရလည်းကောင်း၊ မူဝါဒအရလည်းကောင်း လုပ်ငန်းဆောင်ရွက်မှုအရပါ အသိအမှတ်မပြုခဲ့သည့်အပြင် မြန်မာနိုင်ငံတွင် ဌာနေတိုင်းရင်းသားများ ရှိမရှိဆိုသည်ကိုပင် ရပ်တည်ချက်ပေးမထားပါ။

အထက်ပါ ကုလသမဂ္ဂ၏ UNDRIP ကြေညာချက်သည် အခြားနိုင်ငံတကာစာချုပ်များ နည်းတူ နိုင်ငံတော်နှင့် သက်ဆိုင်သည် ဆိုသော်ငြားလည်း ကုမ္ပဏီများအနေဖြင့် ဌာနေတိုင်းရင်းသား များ၏ ရပိုင်ခွင့်များ၊ အခွင့်အရေးများကို သိရှိနားလည်ရန် အကူအညီ ဖြစ်စေပါသည်။ IFC အဖွဲ့ကလည်း လုပ်ငန်းဆောင်ရွက်ချက် သုံးသပ်မှုစံနှုန်း (၇) ၏ အခြေခံအဖြစ် ယင်းကြေညာချက်ကိုပင် အသုံးပြုပါသည်။ ကုလသမဂ္ဂကြေညာချက်က ကမ္ဘာပေါ်ရှိ ဌာနေတိုင်းရင်းသား များ၏ ရှင်သန်မှု၊ ဂုဏ်သိက္ခာရှိရေး၊ လူတန်းစေ့နေထိုင်နိုင်ရေး နှင့် လူ့အခွင့်အရေးဆိုင်ရာ အနိမ့်ဆုံးစံနှုန်းများ၏ အပြည့်ပြည့်ဆိုင်ရာ မူဘောင်တခုကို သတ်မှတ်ပေးထားသည်။ လူပုဂ္ဂိုလ် တစ်ဦးချင်းနှင့် စုပေါင်း ရပိုင်ခွင့်များ၊ ယင်းတို့၏ ယဉ်ကျေးမှု ရပိုင်ခွင့်များ၊ သီးခြားရပ်တည်နိုင်မှုများ ၊ ပညာသင်ယူခွင့် ၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေး၊ ဘာသာစကား စသည်တို့လည်းပါဝင်သည်။ ဤကြေငြာချက်ပါ ရည်မှန်းချက်များကို ဆောင်ရွက်ရန်အတွက်လည်း ဌာနေတိုင်းရင်းသား တို့၏ ရပိုင်ခွင့်အခွင့်အရေးများနှင့်စပ်လျဉ်းသော ကုလသမဂ္ဂအထူးကိုယ်စားလှယ်တစ်ဦး ကိုခန့်ထားပေးခဲ့သည်။ ယင်းအထူးကိုယ်စားလှယ်၏တာဝန်များမှာ ဌာနေတိုင်းရင်းသားများအပေါ် လူအခွင့်အရေးချိုးဖောက်မှုများနှင့် အခြေခံ လွတ်လပ်ခွင့်များကို ထိပါးနှောင့်ယှက်မှုများနှင့်စပ်လျဉ်းသော အကြောင်းခြင်းရာအချက်အလက်များကို အစိုးရအဖွဲ့ အစည်းများအပါအဝင် ဌာနေတိုင်းရင်းသားများ၊ ယင်းတို့၏ လူမှုအခြေပြုအဖွဲ့အစည်းများ စသည့်တို့ထံမှတစ်ဆင့် တောင်းဆိုခြင်း၊ လက်ခံရယူခြင်း နှင့် သတင်းအချက်လက်များ ဖလှယ်ခြင်းပြုရန်ဟုဖော်ပြထားသည်။ ထို့အပြင် ယင်းသို့ ရရှိသောအချက်အလက်များကို အခြေခံ၍ လိုအပ်သောအကြံပြုတင်ပြချက်များ လုပ်နည်းလုပ်ဟန်များကို ဖော်ထုတ် တင်ပြကာ ထိုသို့ ချိုးဖောက်မှုများကို ဟန့်တားနိုင်စေရန် နှင့် ပြန်လည်ကုစားပေးနိုင်ရန်ဟု ဆက်လက်ဖော်ပြ ထားသည်။

ကုလသမဂ္ဂ၏ ကြေငြာချက်ပါ UNDRIP သည် တရားဝင်စည်းနှောင်မှုမရှိသော်လည်း ဤကြေညာချက်က ဌာနေတိုင်းရင်းသားများ၏ သီးခြားရပ်တည်ပိုင်ခွင့်၊ ခွဲခြားဆက်ဆံရမှုမရှိခြင်း အစရှိသော အခွင့်အရေးများနှင့် လွတ်လပ်မှုများကိုဖော်ပြထားသည်။ ၎င်းတို့သည် စည်းနှောင် မှုရှိသော နိုင်ငံတကာလူ့အခွင့်အရေး စာချုပ်ဥပဒေများတွင် ဖော်ပြထားရာ ဌာနေတိုင်းရင်းသားများအရေးကို ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက်တစ်ခုအဖြစ် ထင်ဟပ်စေသည်။ ယင်းတို့၏ ကိုယ်ပိုင်သီခြားဖြစ်တည်မှု၊ ယဉ်ကျေးမှုတန်ဖိုးများနှင့် တိုင်းရင်းသားလက္ခဏာရပ်များကို တားဆီးခံရမှု ဘိုးဘွားပိုင်မြေများကို လက်လွှတ် လိုက်ရခြင်း၊ အခြားလူမျိုးများနှင့် ရောထွေးနေရခြင်း သို့မဟုတ် အခြားတစ်နေရာသို့ ရွှေ့ပြောင်း ရခြင်း အစရှိသော ကိစ္စရပ်များအပါအဝင် ဌာနေတိုင်းရင်းသားအခွင့်အရေး ချိုးဖောက်မှုများကို တားဆီးရန် နှင့် စောင့်ရှောက်ကာကွယ် ဖြေရှင်းပေးရန် နိုင်ငံတော်ကို တောင်းဆိုထားသည်။ (အပိုဒ်၈)

ဌာနေတိုင်းရင်းသား နှင့်စပ်လျဉ်း၍မူ အဓိပ္ပါယ်ဖွင့်ဆိုချက် သီးခြားမရှိသေးပါ။ ILO Convention No.169 တွင်မူ အောက်ပါအတိုင်းဖွင့်ဆိုထားပါသည်။ သို့ရာတွင် ဤစာချုပ်ကို မြန်မာနိုင်ငံအနေဖြင့် လက်မှတ်ပါဝင်ရေးထိုးထားခြင်း မရှိသေးပါ။

- နိုင်ငံတွင်းရှိ အခြားလူမှုအဖွဲ့အစည်းများနှင့် လူမှုရေးယဉ်ကျေးမှုနှင့် စီးပွားရေးအနေအထားများအရ သီးခြားဖြစ်ခြင်းကြောင့်လည်းကောင်း၊ မိမိတို့၏သီးခြားဖြစ်သော ရိုးရာဓလေ့ထုံးစံများကြောင့် လည်းကောင်း၊ အထူးသတ်မှတ် ပြဌာန်းထားသော ဥပဒေများစည်းမျဉ်းစည်းကမ်းများ ကြောင့်လည်းကောင်း သီးခြားတည်ရှိနေသောလူမျိုးစုအဖွဲ့ အစည်းများ။
- သက်ဆိုင်ရာနိုင်ငံ နယ်မြေသို့မဟုတ် ကျူးကျော်ခံရခြင်း သို့မဟုတ် ကိုလိုနီပြုခြင်း ခံရခြင်း သို့မဟုတ် လက်ရှိနယ်နိမိတ်စည်းများသတ်မှတ်ချိန်က ယင်းနိုင်ငံနယ်မြေ (သို့) ယင်းနိုင်ငံက ပိုင်ဆိုင်သောနယ်မြေများတွင် ဥပဒေကြောင်းအရ မည်သို့ပင်ဆိုစေကာမူ နေထိုင်ခဲ့ကြပြီး သီးခြားထင်ရှားသော ကိုယ်ပိုင်လူမှုရေးစီးပွားရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးအရ ဖွဲ့စည်းမှု များအားလုံး (သို့) အချို့ကို ထိန်းသိမ်းထားသော လူအဖွဲ့အစည်းများ။

ဤစာချုပ်အရ လူအဖွဲ့အစည်းတစ်ခုအပေါ် စာချုပ်ပါပြဌာန်းချက်များ သက်ရောက်မှုရှိ၊ မရှိ ကိုဆုံးဖြတ်ရာ၌လည်း လူမျိုးနွယ်စုတစ်စု၏ မိမိကိုယ်တိုင်မည်သည့် လူမျိုးစုတွင် ပါဝင်သည်ဟု ဖွင့်ဟပြောဆိုမှုသည်သာ အဓိကဖြစ်သည်ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင်မူ ဌာနေတိုင်းရင်းသားဟူသော ဝေါဟာရကို အများက သေသေချာချာ နားမလည်ကြသလို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲမှုလည်းမရှိပါ။ ဤဝေါဟာရကို တိုင်းရင်းသား အရေးအရာများကို ဦးစားပေးဆောင်ရွက်နေသော အဖွဲ့အစည်းများကသာလျှင် အသုံးများကြပါသည်။ နောက်ဆက်တွဲပါ ဝေါဟာရ ရှင်းလင်းချက်များ (စာမျက်နှာ ၈၄) တွင် ဥပဒေရေးရာနှင့် ဆွေးနွေးပွဲများတွင် အသုံးများသောဝေါဟာရများကို တွေ့ရမည်ဖြစ်ပါသည်။ အပိုင်း (၄)တွင် မြန်မာနိုင်ငံ၌ ဌာနေတိုင်းရင်းသားအဖြစ် သတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် အနေအထားများကို တင်ပြသွားပါမည်။

## လွတ်လပ်စွာကြိုတင်အသိပေး၍ သိရှိပြီးဖြစ်သောသဘောတူညီမှု (FPIC)

ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဆိုင်ရာ ယခင်ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က FPIC နှင့်ပတ်သတ်၍ အသုံးဝင်မည့်စကားအချို့ပြောကြားထားပါသည်။ သူပြောကြားထားသည်များမှာ ဆွေးနွေးညှိနှိုင်းမှု'Consultation'သော်လည်းကောင်း၊ သဘောတူညီမှု 'Consent' သော်လည်းကောင်း အဆုံးမှတ်တိုင်တခု မဟုတ်သကဲ့သို့၊ သီးသန့်ရပ်တည်နေသောအခွင့်အရေးများလည်းမဟုတ်ပါ။ အထူးသဖြင့် ဌာနေတိုင်းရင်းသားများ အတွက် အကျုံးဝင်သောဆွေးနွေးညှိနှိုင်းမှုနှင့် သဘောတူညီမှု စံနှုန်းများသည် ၎င်းတို့၏အခွင့်အရေး ရရှိစေမည့်နည်းလမ်းများပင်ဖြစ်သည်။

၎င်းအခွင့်အရေးများတွင် အခြားအခွင့်အရေးများနှင့်အတူ မြေယာများ၊ နယ်နမိတ်များ၊ အထွဋ်အမြတ်ထားရာနေရာများနှင့် ပစ္စည်းဥစ္စာများ အပါအဝင် သဘာဝသယံဇာတများနှင့် သက်ဆိုင်သော ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ခွဲခြားဆက်ဆံခံရမှုမှ ကင်းလွတ်ခွင့် ၊ ကျန်းမာရေး နှင့် သဘာဝသယံဇာတများ အပါအဝင် မိမိတို့ဖွံ့ဖြိုးတိုးတက်မှု အတွက်မိမိတို့ကိုယ်တိုင် အရေးကြီးအရာများအဖြစ် သတ်မှတ်ထားသည်များကို ဆောင်ရွက်ခွင့်တို့ ပါဝင်သည်။ ၎င်းအခွင့်အရေးများသည် ဌာနေတိုင်းရင်းသားများ၏ သီးခြားရပ်တည်ပိုင်ခွင့် အခြေခံ အခွင့်အရေး၏ တစ်စိတ်တစ်ပိုင်းပင် ဖြစ်သည်။ ထိုအပြင် ဆွေးနွေးညှိနှိုင်းခြင်းနှင့် သဘောတူညီမှုသည် ဌာနေတိုင်းရင်းသား အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်သည့် တခုတည်းသော နည်းလမ်းမဟုတ်ပါ။ အခြားကာကွယ်စောင့်ရှောက်မှုများတွင် အထက်ဖော်ပြပါ အခွင့်အရေးများ အပေါ်သက်ရောက်မှုများကို ရှောင်ကျဉ်ရန် (သို့) လျှော့ချရန် အစီအစဉ်များချမှတ်ဆောင်ရွက်မှု၊ ကြိုတင်၍သက်ရောက်မှု များစမ်းဆစ်ချက်များပြုလုပ်မှု တို့ပါဝင်သည်။ အကျိုးအမြတ်ခွဲဝေခြင်း နှင့် သက်ဆိုင်ရာနိုင်ငံတကာအဆင့်အတန်းများနှင့်အညီ သက်ရောက်မှုများအတွက် လျော်ကြေးပေးခြင်း တို့လည်းပါဝင်သည်။'

ယခင်အထူးကိုယ်စားလှယ်က ဆွေးနွေးခြင်းနှင့်ပတ်သတ်သည့် နိုင်ငံတော်၏ တာဝန်သည် ဌာနေတိုင်းရင်းသားများ၏ သီးခြားရပ်တည်ပိုင်ခွင့်၏ လွှမ်းခြုံအခွင့်အရေးမှထုတ်နုတ်ထားပြီး၊ ထိုအခွင့်အရေးသည် နိုင်ငံတကာလူအခွင့်အရေး ဥပဒေတွင် ခိုင်မြဲစွာအမြစ်တွယ်လျှက် ရှိသည်ဟုလည်း မှတ်ချက်ပြုပါသည်။ "due diligence" လူ့အခွင့်အရေး ကိစ္စများတွင် ကောင်းစွာကြိုးပမ်းအားထုတ်မှု စဉ်းမျဉ်းအရကုမ္ပဏီများ သည်ဌာနေတိုင်းရင်းသားများအပေါ် သက်ရောက်မှုရှိမည့် စီမံကိန်းများချမှတ်ဆောင်ရွက်ခြင်း မပြုမီ ၎င်းတို့နှင့် လုံလောက်စွာ ကြိုတင်ဆွေးနွေးတိုင်ပင်ရမည်ဖြစ်ပြီး စကားဝိုင်းများပြုလုပ်ရမည်မှာ နိုင်ငံတော်၏တာဝန်ဖြစ်သည် ဆိုသည်ကိုအသိအမှတ် ပြုသင့်သည်။ ဌာနေတိုင်းရင်းသားများအပေါ်သက်ရောက်မည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ၎င်းတို့ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခွင့်ကို အလေးပြု၍ ဆွေးနွေးညှိနှိုင်းမှု နှင့် စကားဝိုင်း တို့အတွက် လုံလောက်သောနည်းလမ်းများချမှတ် ဆောင်ရွက်ရန် နိုင်ငံတော်၏တာဝန်ကိုလည်း အသိအမှတ်ပြုသင့်သည်။

ထို့ကြောင့် ဌာနေတိုင်းရင်းသားများအဖို့ မိမိတို့နေထိုင်ရာနယ်မြေပိုင်ဆိုင်သော မြေယာနှင့်သဘာဝသယံဇာတများအပေါ်မကောင်းသော သက်ရောက်မှုများ ကျရောက်မည်ဟု ယူဆပါက အစိုးရသို့မဟုတ် ကုမ္ပဏီအဖွဲ့အစည်းများအား တစ်ဦးတည်းသော်လည်းကောင်း အများဖြင့် စုပေါင်းပြီးသော်လည်းကောင်း သဘောတူညီမှုကို ငြင်းဆန်ခွင့်ရှိခြင်းသည် မိမိတို့၏ အဓိကရပိုင်ခွင့် ဖြစ်ပါသည်။ ဤကိစ္စသည် တိုင်းပြည်များ၊ ကုမ္ပဏီများအဖို့ အထူးပင် အငြင်းပွားဖွယ်ရာ ကိစ္စဖြစ်ပါသည်။ အချို့အဖွဲ့အစည်းများကလွတ်လပ်စွာကြိုတင်အသိပေး၍ သိရှိပြီးဖြစ်သော "ညှိနှိုင်းမှု"ကို "သဘောတူညီမှု"အစား ဆောင်ရွက်လိုကြသည်။ သို့ဖြစ်၍ အောက်တွင်မှတ်ချက်ပြုထားသကဲ့သို့ ကမ္ဘာ့ဘဏ်သည် လွတ်လပ်စွာအသိပေး၍

ကြိုတင်ညှိနှိုင်းမှုကိုအသုံးပြုသည်။ သို့ရာတွင် ၎င်း၏ဌာနေတိုင်းရင်းသားများဆိုင်ရာ လမ်းညွှန်ချက်များကိုပြန်လည်သုံးသပ်လျှက်ရှိသည်။

တစ်ခါတစ်ရံတွင် လွတ်လပ်စွာကြိုတင်အသိပေး၍ သိရှိပြီးဖြစ်သောသဘောတူညီမှု (FPIC) များ ရယူခြင်းသည် နိုင်ငံအစိုးရတစ်ရပ်၏ လုပ်ပိုင်ခွင့်ဖြစ်သော eminent domain ဆိုသောအချက်နှင့် ထိပ်တိုက်ရင်ဆိုင်ဖြစ်ရကြောင်း ပြောဆိုကြပါသည်။ eminent domain ဆိုသည်မှာ အစိုးရသို့မဟုတ်အစိုးရတစ်ပိုင်းဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းများကပြည်သူအကျိုးငှာ ပုဂ္ဂလိကပိုင်ဆိုင်မှုများ ကိုသိမ်းယူခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဤသို့ လွတ်လပ်စွာကြိုတင်အသိပေး၍ သိရှိပြီးဖြစ်သောသဘောတူညီမှု (FPIC) ရယူမှုသည် အထက်ပါ eminent domain အယူအဆ၏လက်အောက်တွင် ရှိရမည်ဟု ပြောကြားသူများလည်းရှိပါသည်။ သို့ရာတွင် ဤ eminent domain ဥပဒေသည် နိုင်ငံတော်၏အခြားလုပ်ပိုင်ခွင့်များ နည်းတူလူ့အခွင့်အရေးဥပဒေများ၏ အောက်တွင်ရှိရမည်ဖြစ်ပြီး ဥပမာ ယခုကိစ္စမျိုးတွင် လွတ်လပ်စွာကြိုတင်အသိပေး၍ သိရှိပြီးဖြစ်သော သဘောတူညီမှု (FPIC)စံကို ဟန့်တားရန်အကြောင်းပြချက်ဖြင့် သီးခြားအထူး ကင်းလွတ်ခွင့်မရှိစေရဟု အများကပြောဆိုကြသည်။ စံကိုဟန့်တားစေခြင်းမဟုတ်ပါ။ နိုင်ငံတော်အနေဖြင့်ဤ eminent domain ဥပဒေကို လူ့အခွင့်အရေး ကာကွယ်ရေးတွင်သာအသုံးချသင့်ပါသည်။ ဥပမာယခုကိစ္စမျိုး ဌာနေတိုင်းရင်းသားများ၏ စုပေါင်းအခွင့်အရေး စသောကိစ္စမျိုးတွင် ဖြစ်သင့်ကြောင်း ဖော်ပြထားသည်။ သို့ရာတွင် အချို့ကလည်း ဤသဘောတူညီမှုရရှိရေး လုပ်ငန်းစဉ်သည် လူနည်းစုသို့မဟုတ် လူတစ်ဦးကပင် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဟန့်တားနိုင်သည့် အနေအထားဖြစ်ပေါ်စေနိုင်ကြောင်း ပြောကြသည်။ အမှန်မှာ လွတ်လပ်စွာ ကြိုတင်အသိပေး၍ သိရှိပြီးဖြစ်သော သဘောတူညီမှု (FPIC) သည်အားလုံး သဘောတူရမည်ဟုပြော မထားပါ။

ကုလသမဂ္ဂ၏ UNDRIP တွင်လည်း လွတ်လပ်စွာကြိုတင်အသိပေး၍ သိရှိပြီးဖြစ်သော သဘောတူညီမှု (FPIC) ၏အခြေခံသဘောတရားကို ဖော်ပြထားပါသည်။

- ပုဒ်မ ၁၀တွင် ဌာနေတိုင်းရင်းသားများကို ယင်းတို့နေထိုင်ရာအရပ်၊ မြေပြင်ပေါ်မှ အင်အားဖြင့် ဖယ်ရှားခြင်းမပြုရ။ ဤသို့ရွှေ့ပြောင်းခြင်းကို ဆောင်ရွက်ရာတွင်လည်း လွတ်လပ်စွာကြိုတင် အသိပေး၍ သိရှိပြီးဖြစ်သော သဘောတူညီမှု(FPIC) ရရှိပြီး မှပြုလုပ်ရမည့် အပြင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအနေဖြင့်လည်း သင့်တင့်မျှတသော လျော်ကြေးငွေသဘောတူပြီး ဖြစ်ရမည်။ သိမ်းယူထားသည့်မြေကို အသုံးမချဖြစ်ပါက ဌာနေတိုင်းရင်းသားများ ပြန်လည်နေထိုင်နိုင်သည့်ရွေးချယ်ခွင့် ရှိရမည်။
- ပုဒ်မ (၁၁) နိုင်ငံတော်သည် အဆိုပါဌာနေတိုင်းရင်းသားများအား ယင်းတို့ထံမှ ယဉ်ကျေးမှု၊ အသိပညာရပ်၊ ဘာသာရေးနှင့် ကိုးကွယ်ပူဇော်ရာပစ္စည်းများကို ယင်းတို့ထံမှ သဘောတူညီမှုမရှိပဲဖြစ်စေ၊ တည်ဆဲဥပဒေ ဓလေ့ထုံးစံများကို ဖောက်ဖျက်၍ဖြစ်စေ ယူဆောင်သွားခဲ့ပါက ပြန်လည်ကုစားပေးရန်ယန္တရားများကို ဌာနေတိုင်းရင်းသားနှင့် အတူတကွဖော်ထုတ် လုပ်ဆောင်ပေးရမည်။

- ပုဒ်မ (၁၉) နိုင်ငံတော်သည် ဌာနေတိုင်းရင်းသားများ၏ လက်ရှိအနေအထားများအပေါ် သက်ရောက်မှုဖြစ်စေမည့် ဥပဒေပြုခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းများပြုလုပ်ခြင်းတို့မပြုမီ သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏ ကိုယ်စားလှယ်အဖွဲ့အစည်းများ နှင့်တိုင်ပင်၊ ဆွေးနွေး၊ ပူးပေါင်းဆောင်ရွက်၍ FPIC ကိုရယူရမည်။
- ပုဒ်မ (၂၈) သက်ဆိုင်ရာ ပုဂ္ဂိုလ်များထံမှ FPIC မပါရှိပဲ ယင်းတို့၏ဓလေ့ထုံးတမ်း အစဉ် အလာပိုင် မြေယာများကို သိမ်းယူခြင်း၊ လက်ရောက်ယူခြင်း၊ အသုံးပြုခြင်း(သို့)ပျက်စီးစေခြင်း စသည်များရှိပါကလျော်ကြေး တောင်းခံခွင့်ရှိသည်။
- ပုဒ်မ (၃၂) အရ ဌာနေတိုင်းရင်းသားများအား မိမိတို့ဆန္ဒအလျှောက် မိမိတို့ပိုင်ဆိုင်သော မြေပေါ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း ဦးစားပေးအစီအစဉ်များ ချမှတ်ခွင့်ရှိကာ နိုင်ငံတော်အနေဖြင့်လည်း ဌာနေတိုင်းရင်းသား နယ်မြေများပေါ်တွင် စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါက ဌာနေတိုင်းရင်းသားတို့၏ FPIC ရယူရန် ပြဋ္ဌာန်းထားပါသည်။

မြန်မာအစိုးရအနေဖြင့်မူ ဤသို့လွတ်လပ်၍ အချက်အလက်ပြည့်စုံစွာ သိရှိပြီးဖြစ်သော ကြိုတင်သဘော တူညီချက်ရယူရန် ဥပဒေကြောင်းအရ ပြဋ္ဌာန်းထားမှုမရှိသော်လည်း အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေကြသော ဌာနေတိုင်းရင်းသားများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းအနေဖြင့် ဤသဘောတရားကိုနားလည်လာကြပြီဖြစ်ပါသည်။ ကုမ္ပဏီတစ်ခုတွင် ယင်းသို့ဌာနေတိုင်းရင်းသားများထံမှ ကြိုတင်သဘောတူညီချက်ကို တောင်းခံရန်လိုအပ်ကြောင်း မူဝါဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဌာနေတိုင်းရင်းသားများ၏ စိုးရိမ်ကြောင့်ကြမှုများ၊ ပူပင်မှုများ ကိုလည်းကောင်း၊ ယင်းတို့၏ ရပိုင်ခွင့်များကိုလည်းကောင်း၊ အလေးထားဆောင်ရွက်ပါက ဌာနေတိုင်းရင်းသားများ၏ ဆန့်ကျင်မှုများလျော့ပါးသွားမည့်အပြင်စီမံကိန်းကိုရပ်နားထားရမှု၊ ရပ်ဆိုင်းရမှုများကိုပါ ကျော်လွှားနိုင်ပါလိမ့်မည်။ ထို့ပြင်မြန်မာနိုင်ငံ၌ ဌာနေ တိုင်းရင်းသားများ နေထိုင်ကြသော နေရာအနံ့အပြားတွင် လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားနေပေရာ ကုမ္ပဏီများသည် ယင်းလက်နက်ကိုင်ပဋိပက္ခအနေအထားများသာမက လက်နက်ကိုင်ပဋိပက္ခ အလွန်ကာလများတွင်လည်း ဖြစ်ပေါ်လာနိုင် သည့် အခြေအနေများကို လည်း ဂရုပြုရပါမည်။

## ၃။ ဌာနေတိုင်းရင်းသားများနှင့် စပ်လျဉ်းသော အကောင်းဆုံးလုပ်နည်းလုပ်ဟန်များ

၂၀၀၇ UN Declaration on the Rights of Indigenous Peoples ဌာနေတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေငြာစာတမ်း နှင့် ၁၉၈၉ ခုနှစ် ILO Convention No 169 ဌာနေတိုင်းရင်းသားလူမျိုးစုများဆိုင်ရာ သဘောတူစာချုပ်များသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံး လေးစားလိုက်နာရမည့် နိုင်ငံတကာစာချုပ်များ ဖြစ်ပါသည်။ အခြားသက်ဆိုင်သော စံချိန်စံညွှန်းများကို နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများက ချမှတ်ထားကြပြီး

ဌာနေတိုင်းရင်းသား များ၏အခွင့်အရေးများအပေါ် သက်ရောက်နိုင်သော ဖွံ့ဖြိုးမှုစီမံကိန်းများနှင့် ကုမ္ပဏီများကလိုက်နာကြရန်ဖြစ်ပါသည်။IFC Performance Standard အမှတ်(၇)နှင့်(၈)တို့သည် ကုမ္ပဏီများအတွက် အထူးအရေးကြီးပါသည်။ အခြားစံနှုန်းများမှာ ကမ္ဘာ့ဘဏ်ကထုတ်ပြန်ထားသော ဌာနေတိုင်းရင်းသားများဆိုင်ရာ ကာကွယ်ပေးမှုမူဝါဒ (Word Bank Safeguard Policy on Indigenous Peoples) နှင့် ၂၀၀၉ခုနှစ်တွင် အာရှဖွံ့ဖြိုးရေးဘဏ်ကထုတ်ပြန်သော (Asian Development Bank (ADB) Safeguard Policy Statement on Indigenous People )ဌာနေတိုင်းရင်းသားများဆိုင်ရာ အကာအကွယ်ပေးရေး မူဝါဒကြေငြာချက် တို့ဖြစ်ပါသည်။

ထို့အပြင် ဌာနေတိုင်းရင်းသားများနှင့် သယံဇာတရှာဖွေတူးဖော်ရေးလုပ်ငန်းများမှာ အထူးဆက်စပ်မှုများရှိနေသဖြင့် ဤကဏ္ဍရှိ လုပ်ငန်းများကို စုစည်းထားသည့် International Council of Mining and Metals (ICMM) နှင့် ကမ္ဘာပေါ်ရှိ အကြီးဆုံး ရေနံနှင့်ဓါတ်ငွေ့ကုမ္ပဏီကြီးများပါဝင်သော IPIECA တို့က သဘာဝပတ်ဝန်းကျင်နှင့်လူမှုစံနှုန်းများကို အဓိက အလေးထားလာကြရာ ယခုအခါ ယင်းအသင်းကြီး (၂)သင်းက အသင်းဝင်များလိုက်နာကြရမည့် သဘာဝပါတ်ဝန်းကျင်နှင့် လူမှုစံနှုန်းထိန်းသိမ်းရေးလုပ်ငန်းလမ်းညွှန်ချက်များကို ထုတ်ပြန်လာသည်။

**International Finance Corporation (IFC) ၏ လုပ်ငန်းဆောင်ရွက်မှုအမှတ်စဉ် (၇)**

ဤစံနှုန်းအရ IFC နှင့် ပူးတွဲလုပ်ငန်းဆောင်ရွက်နေကြသော ကုမ္ပဏီများအနေဖြင့် ဌာနေတိုင်းရင်းသားများ၏ ရပိုင်ခွင့်ဆိုင်ရာများ၊ ကြိုတင်သဘောတူညီချက်ရယူရန် နည်းလမ်းများပါရှိ ပါသည်။ ထို့ပြင် IFC နှင့်ပူးတွဲလုပ်ငန်း ဆောင်ရွက်မှုမရှိသောကုမ္ပဏီများပါ ဤစံချိန်နှုန်းများကို အခြေခံဆောင်ရွက်မှုများလည်း ပြုလာကြပါသည်။ သို့ရာတွင် ဤစံချိန်စံနှုန်း ပြဌာန်းချက်များမှာ နိုင်ငံတကာစာချုပ်များ၊ ကြေညာချက်များကဲ့သို့ ဥပဒေကြောင်းအရ ခိုင်မာမှုမရှိကြပါ။ IFC နှင့် ပူးတွဲ၍ လုပ်ငန်းများဆောင်ရွက်နေကြသော ကုမ္ပဏီများအတွက်မူ မဖြစ်မနေလိုက်နာရမည့် စံနှုန်းများဖြစ်ပါသည်။ အခြားကုမ္ပဏီများကလည်း ဤစံချိန်စံနှုန်းများသည် မိမိတို့ကုမ္ပဏီ၏မူဝါဒရေးရာများအဖြစ်ထည့်သွင်းရေးဆွဲထားကြသည်။

ဤ IFC၏ လုပ်ငန်းဆောင်ရွက်မှု အမှတ်စဉ်(၇) တွင် ဌာနေတိုင်းရင်းသားများသည် နိုင်ငံတွင်းရှိအခြားအဓိက ကျသောလူမျိုးစုများနှင့် မတူထူးခြားသောလက္ခဏာများရှိကြောင်း၊ အများအားဖြင့် ပစ်ပယ်ခံနေကြရပြီး ထိရှလွယ်သော လူအုပ်စုများဖြစ်ကြောင်း ဖော်ပြထားသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ယင်းဌာနေတိုင်းရင်းသား များ၏ ဘဝများအပေါ် သက်ရောက်မှုများကို တားဆီးနိုင်ရန်နှင့် ကြိုတင်ကာကွယ်နိုင်ရန်လည်း လုပ်ငန်းစဉ်များ ပါရှိသည်။ သက်ရောက်နိုင်သည့် အန္တရာယ်များကို ရှောင်လွဲ၍မရနိုင်ပါကလည်း နည်းပါးအောင် နှင့် လျော်ကြေးရရှိအောင် မည်သို့ ဆောင်ရွက်ရမည်တို့ကိုဖော်ပြထားပါသည်။ ဤလုပ်ငန်းဆောင်ရွက်မှု အမှတ်(၇)တွင် ဌာနေတိုင်းရင်းသားဟူသော

အချက်နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာက လက်ခံထားသော အဓိပ္ပါယ်သတ်မှတ်ချက်မရှိကြောင်းကို ဝန်ခံထားပြီး မည်သူများသည် ဌာနေတိုင်းရင်းသား များအဖြစ် သတ်မှတ်နိုင်ကြောင်းကိုပါဖော်ပြထားပါသည်။

၎င်းသက်မှတ်ချက်များမှာ-

- မိမိတို့ကိုယ်တိုင် သီးခြားတည်ရှိသော ဌာနေတိုင်းရင်းသားအုပ်စုတွင်ပါဝင်ကြောင်း ထုတ်ဖော်ပြောကြား ရုံသာမက ပတ်ဝန်းကျင်ကလည်းလက်ခံခြင်း။
- စီမံကိန်းဧရိယာအတွင်းကျရောက်သော သီးခြားတည်ရှိသောနယ်မြေများ၊ ဘိုးဘွားအစဉ်အဆက်နေထိုင် ခဲ့သောနယ်မြေများယင်းဒေသနယ်မြေများမှထွက်ရှိသော သယံဇာတများနှင့် စုပေါင်းပတ်သက်ဆက်နွယ်မှု ရှိခြင်း။
- ပင်မလူမျိုးစု (သို့) ယဉ်ကျေးမှုများနှင့် မတူညီသော ရိုးရာဓလေ့ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုများ၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးဖွဲ့စည်းမှုပုံစံများရှိခြင်း။
- နိုင်ငံတွင်း အများအသုံးပြုသောဘာသာစကားနှင့် မတူသော သီးခြားဘာသာစကားရှိ ခြင်း။

IFC အဖွဲ့၏အခြားလုပ်ငန်းဆောင်ရွက်ချက်စံနှုန်းများနည်းတူ (Performance Standard) ထုံးစံအတိုင်း ယခုအမှတ်စဉ် (၇) တွင်လည်း လမ်းညွှန်မှတ်စု (Guide Notes) များပါရှိပါသည်။ ၎င်းမှတ်စုများက လုပ်ငန်းဆောင်ရွက်ချက်စံနှုန်းများကို အဓိပ္ပါယ်ဖွင့်ဆိုမှုနှင့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းညွှန်မှုများအဖြစ် အသုံးပြုနိုင်ပါသည်။ ၎င်း IFC လုပ်ငန်းဆောင်ရွက်ချက်အမှတ်စဉ် (၇) ၏ ပုဒ်မ (၆) သည် မြန်မာနိုင်ငံအနေဖြင့် အထူးသက်ဆိုင်နေပါသည်။ မြန်မာနိုင်ငံအနှံအပြားတွင် လက်နက်ကိုင်ပဋိပက္ခများ၊ ပုဂ္ဂလိကကဏ္ဍ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အစိုးရ၏မြေသိမ်းပိုက်မှု များရှိနေပြီး ဌာနေတိုင်းရင်းသားများမှာ မိမိတို့ဘိုးစဉ်ဘောင်ဆက်ပိုင်ဆိုင်လာခဲ့သော မြေပိုင်ဆိုင်မှုများကို စွန့်လွှတ်ခဲ့ရပြီး ပြောင်းရွှေ့ခဲ့ရခြင်းတို့ကြောင့် ဖြစ်ပါသည်။

အဆိုပါပုဒ်မ(၆) တွင် ၎င်းလုပ်ငန်းဆောင်ရွက်မှု စံနှုန်းများသည် မြေကိုစုပေါင်းပိုင်ဆိုင်ကြသော ဌာနေတိုင်းရင်းသားများ ဥပမာအားဖြင့် သီးခြားနေထိုင်ရာနယ်မြေ သို့မဟုတ် ဘိုးဘွားစဉ်ဆက်ပိုင်ဆိုင်ခဲ့သောမြေနှင့် ယင်းမြေရှိ သယံဇာတများနှင့် ဆက်နွယ်မှုရှိသော လူအဖွဲ့အစည်းများနှင့်သက်ဆိုင်ပါသည်။ ထို့အပြင် မိမိတို့၏ပိုင်ဆိုင်မှုများကို မိမိတို့သက်တမ်း ကာလအတွင်း အဓမ္မသိမ်းယူခံရခြင်း၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ခြင်းနှင့် အစိုးရကအဓမ္မပြောင်းရွှေ့ခိုင်းခြင်း၊ မြေကိုလက်လွှတ်ဆုံးရှုံးခြင်း၊ သဘာဝဘေးဒါဏ်ခံရခြင်း၊ သို့မဟုတ် အနီးအနားရှိမြို့ပြဧရိယာအတွင်း သွပ်သွင်းခံရခြင်း စသည်အကြောင်းတရားများကြောင့် ဖော်ပြပါဌာနေတိုင်းရင်းသားအုပ်စုများ၏ မြေယာကို စုပေါင်းဆက်နွယ်ပတ်သက်မှု ဆုံးရှုံးခဲ့ရလျှင်လည်း ၎င်းလုပ်ငန်းဆောင်ရွက်ချက်စံနှုန်းများနှင့်သက်ဆိုင်မှုရှိသည်။ Guidance Note 7 တွင် ဥပမာများကို ဆက်လက်၍ ဖော်ပြထားပါသည်။

ဤအမှတ်စဉ်(၇) တွင် ဌာနေတိုင်းရင်းသားဟူသော သတ်မှတ်ချက်အရ သီးခြားဖြစ်သောနေထိုင်ရာ ဒေသများ၊ ဘိုးဘွားလက်ထက်မှ အခြေချနေထိုင်ခဲ့သောဒေသများပါဝင်ပြီး သယံဇာတများအပေါ် စုပေါင်းပိုင်ဆိုင်ပတ်သက်သူများ တွင် နေရာတစ်နေရာမှတစ်နေရာသို့ ရေကြည်ရာမြက်နုရာသို့ ရွှေ့ပြောင်းတတ်သောလူ့အဖွဲ့အစည်းများ၊ ရာသီဥတု ကိုလိုက်၍ မဝေးလံသောနေရာများသို့ ပြောင်းရွှေ့နေထိုင်ကြသော လူ့အဖွဲ့အစည်းများနှင့် အခြားလူမျိုးအုပ်စုများနှင့် ရောနှောနေထိုင်နေသော်လည်း ယင်းလူအုပ်စုကြီး၏ သီးခြားအဖြစ်ရပ်တည်နေသော လူအုပ်စုတစ်စိတ်တစ်ပိုင်းဖြစ်ခြင်း စသောအချက်များနှင့် ကိုက်ညီသူများလည်း ပါရှိသည်ဟုဖော်ပြထားပါသည်။

IFC၏ လုပ်ငန်းဆောင်ရွက်မှုစံနှုန်း(၈) မှာလည်း အရေးကြီးသောနိုင်ငံတကာလုပ်ထုံးလုပ်နည်းတစ်ခု ဖြစ်ပါသည်။ ဤအပိုင်းတွင် ကုမ္ပဏီများ၏ဆောင်ရွက်ချက်များကြောင့် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် သက်ရောက်မှုများကို ဖော်ပြ ထားပါသည်။ဤအပိုင်းတွင် ကုမ္ပဏီများအနေဖြင့် မိမိတို့၏လုပ်ငန်းများကြောင့် ယဉ်ကျေးမှုအမွေအနှစ်များမပျက်စီး အောင် ဆောင်ရွက်ရန်များပါရှိပါသည်။ ဤယဉ်ကျေးမှုအမွေအနှစ်များဆိုရာ၌ ဒြပ်ထုမရှိပဲ လက်ဆုပ်လက်ကိုင် မပြနိုင်သော ယဉ်ကျေးမှုအမွေအနှစ်များဟု သတ်မှတ်နိုင်သော ထူးခြားသည့်သဘာဝလက္ခဏာရပ်များရှိခြင်း၊ လက်ဆုပ် လက်ကိုင်ပြနိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သော ဘာသာရေးအရအထွတ်အမြတ်ထားသည့် တောအုပ်၊ ကျောက်တုံး ၊ ကျောက်ဆောင်၊ ရေကန်၊ ရေတံခွန်စသည်များပါရှိပါသည်။

IFC ၏ လုပ်ငန်းဆောင်ရွက်မှု စံနှုန်းအမှတ်စဉ် (၁) ဖြစ်သော သဘာဝပါတ်ဝန်းကျင်နှင့် လူမှုရေးပါတ်ဝန်းကျင်အပေါ်သက် ရောက်မှုများအား စိစစ်ခြင်းနှင့် စီမံဆောင်ရွက်ရန် နည်းစနစ်များ (Assessment and Management of Environmental and Social Risks and Impact) မှာလည်း ဌာနေတိုင်းရင်းသားများအပါအဝင် လူမှုအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံ နေရသော ကုမ္ပဏီများအတွက် သက်ရောက်မှုစမ်းစစ်ချက်များဆောင်ရွက်သည့်အခါ အထူးပင်အထောက်အကူဖြစ်စေ ပါမည်။

နိုင်ငံတကာ ဥပဒေအရ ကျယ်ကျယ်ပြန့်ပြန့် လိုအပ်ချက်တစ်ရပ်အဖြစ် ဤနိုင်ငံတကာစံနှုန်းများတွင် လုံလောက်စွာပါဝင်မှု ဆွေးနွေးညှိနှိုင်းမှု နှင့် သဘောတူညီမှုတို့ကို သေချာစေရမည်ဟူသည်မှာ လိုအပ်ချက်တစ်ခု ဖြစ်လာပေရာ IFC ၏ လုပ်ငန်းဆောင်ရွက်မှု စံနှုန်းအမှတ်စဉ် (၇) တွင် မြေပိုင်ဆိုင်မှု၊ သဘာဝနှင့်ယဉ်ကျေးမှု ဆိုင်ရာများစသည်တို့ အပေါ်တွင် ဆိုးကျိုး သက်ရောက်မှုများရှိနိုင်သည့်အခြေအနေများတွင် သက်ဆိုင်ရာကုမ္ပဏီများကကြိုတင် သဘောတူညီမှုရယူရန် လိုအပ်ပုံကိုဖော်ပြထားပါသည်။

- ဘိုးဘွားအစဉ်အဆက် ပိုင်ဆိုင်ခဲ့သော သို့မဟုတ် ထုံးတမ်းအစဉ်လာအရ လုပ်ကိုင်စားသောက်ခဲ့သော မြေနှင့် သဘာဝသယံဇာတများ။

- ဘိုးဘွားအစဉ်အဆက် ပိုင်ဆိုင်ခဲ့သော သို့မဟုတ် ထုံးတမ်းစဉ်လာအရ လုပ်ကိုင်စား သောက်ခဲ့သော မြေနှင့် သဘာဝသယံဇာတများမှ ပြောင်းရွှေ့ခံရခြင်း။
- ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ရိုးရာယုံကြည်မှုများအတွက် ကြီးမားသောသက်ရောက်မှုများ၊ ယင်းအရာဝတ္ထုများတွင် ဌာနေတိုင်းရင်းသားတို့၏ ရိုးရာယုံကြည်ကိုးကွယ်မှုတွင် အရေးပါသော အထွတ်အမြတ်ထားသည့် တောအုပ်၊ ရေပြင် နှင့် မြစ်ချောင်းစသည်များ၊ ကိုးကွယ်ပူဇော်ရာ သစ်ပင်၊ ကျောက်တုံး၊ ကျောက်ဆောင် စသည်များပါဝင်ပါသည်။
- ဌာနေတိုင်းရင်းသားများ၏ယဉ်ကျေးမှုအမွေအနှစ်များ၊ယင်းတို့၏ဗဟုသုတ၊တီထွင်ဖန်တီးမှု၊ ဓလေ့ထုံးတမ်း စဉ်လာဆောင်ရွက်မှုတို့ကို စီးပွားရေးအရအသုံးချခြင်း။

IFC ၏ လုပ်ငန်းဆောင်ရွက်မှုစံနှုန်းအပိုင်း(၇) ၊ စာပိုဒ်(၁၂) ၌ FPIC နှင့်စပ်လျဉ်း၍ အားလုံးတူညီသောအဓိပ္ပါယ် ဖွင့်ဆိုချက် မရှိကြောင်းဖော်ပြထားပါသည်။ သို့ရာတွင် ဤကိစ္စသည် အမှတ်စဉ်(၁) ပါအနေအထားများအတိုင်း သက်ဆိုင်ရာကုမ္ပဏီနှင့် ဌာနေတိုင်းရင်းသား လူ့အဖွဲ့အစည်းများအကြား သဘောထားမှန်မှန်ကန်ကန်ဖြင့် ကျယ်ကျယ် ပြန့်ပြန့် ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကုမ္ပဏီပိုင်းမှ (၁)ကုမ္ပဏီ နှင့် သက်ဆိုင်ရာ ဌာနေတိုင်းရင်းသား လူ့အဖွဲ့အစည်းများအကြား သဘောတူထားသည့် လုပ်ငန်းဆောင်ရွက်ချက် နည်းစဉ်များကို မှတ်တမ်းတင်ထားရန် (၂)ဆွေးနွေးညှိနှိုင်းရရှိချက်များ သဘောတူညီမှုသက်သေ စသည်တို့ကို စနစ်တကျမှတ်တမ်းတင်ထားရန် ဖြစ်ပါသည်။ ဤကြိုတင်သဘောတူညီချက်ကို အားလုံးသဘောတူညီမှုရရှိရန်မလိုအပ်ပဲ ကန့်ကွက်သူများရှိခဲ့လျှင်ပင် ဆောင်ရွက်နိုင် ပါသည်။

IFC ၏ လုပ်ငန်း ဆောင်ရွက်မှုစံနှုန်းများအမှတ်စဉ် (၇) ၏ လမ်းညွှန်ချက် GN 18 တွင် ကုမ္ပဏီများအနေဖြင့် ဌာနေတိုင်းရင်းသားလူမှုအဖွဲ့အစည်းသည် တစ်သားတည်းတူညီသောအဖွဲ့ အစည်းတစ်ရပ်မဟုတ်ကြောင်း၊ အုပ်စုများ အတွင်း သဘောထားကွဲပြားမှုများရှိနိုင်ကြောင်း အကြံဉာဏ်ပေးထားပါသည်။ ယင်း GN18 တွင် ဆက်လက်၍ "ဤသို့ ညှိနှိုင်းဆောင်ရွက်ကြရာတွင် သက်ဆိုင်ရာညှိနှိုင်းရေးဆောင်ရွက်နေသူများအနေဖြင့် အချို့ကိစ္စများတွင် ရိုးရာအစဉ်အလာ အရ ပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်းမှဖယ်ကြဉ်ခံထားရသူများ (ဥပမာ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် လူငယ်များ) ၏အကျိုးစီးပွားများကို သတိပြုရမည်။" ဟုဆိုပါသည်။

GN19 က ဤညှိနှိုင်းဆွေးနွေးမှုများသည် စီမံကိန်းကာလတလျှောက်လုံး ဆောင်ရွက်သွားရန် ဖော်ပြထား ပါသည်။"ဌာနေတိုင်းရင်းသား လူ့အဖွဲ့အစည်းများအား စီမံကိန်း၏မကောင်းသောသက်ရောက်မှုများအကြောင်း၊ ယင်း သက်ရောက်မှုများအား လျှော့ချရန်ဆောင်ရွက်မှုများ လျော်ကြေးပေးမှုအကြောင်းများ စသည်တို့ကို တင်ပြအသိပေးမှု လုပ်ငန်းသည် စဉ်ဆက်မပြတ်ဆောင်ရွက်နေရမည် လုပ်ငန်းဖြစ်ကာ သက်ဆိုင်ရာလူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းအားလုံး နှင့် ထိတွေ့ဆောင်ရွက်ရ မည်ဖြစ်ပါသည်။"

IFC သည် ကမ္ဘာ့ဘဏ်၏ အဖွဲ့ခွဲတစ်ရပ်ဖြစ်သော်လည်း ကမ္ဘာ့ဘဏ်ကလည်း ၂၀၁၅ခုနှစ် တွင် သီးခြား Safeguard Policy on Indigenous People (Operational Policy Bank Policy OP/BP 4.10) ဟူ၍ သီးခြား မူဝါဒတစ်စောင်ထုတ်ပြန်ခဲ့ပါသည်။ ဤထုတ်ပြန်ချက်မှာ UNDRIP ကြေညာချက်ထက်စောခဲ့ပြီး "ဘဏ်မှငွေချေးယူသူများ အနေဖြင့် လွတ်လပ်စွာကြိုတင် အသိပေးဆွေးနွေးညှိနှိုင်းမှုပြုလုပ်ရမည်" ဟုဖော်ပြထားသည်။ ဤအချက်များကို ဆက်လက်ဆွေးနွေးလျက်ရှိကာ တတိယအကြိမ်ဆွေးနွေးပွဲများအပြီး IFC ၏ မူဝါဒများနှင့် ကိုက်ညီသည့် အချက်များ ပေါ်ထွက်လာပါလိမ့်မည်။ ဌာနေတိုင်းရင်းသားများ၏ အကျိုးကို အကာအကွယ်ပေးသော မူဝါဒများကိုလည်း ပြန်လည်ပြင်ဆင်ရန်ရှိပါသည်။ သို့ရာတွင် ဤစာတမ်းတွင် လက်ရှိကမ္ဘာ့ဘဏ် ၏ ဌာနေတိုင်းရင်းသားများ၏ အကျိုးကို ကာကွယ်သောမူဝါဒများကို ဆက်လက်ဆွေးနွေးခြင်းများ မပြုလုပ်တော့ပါ။ ဤနေရာတွင် မွန်ပြည်နယ် သထုံမြို့တွင် တည်ဆောက်မည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက် တည်ဆောက်ရေးစီမံကိန်းတွင် အဆိုပါ မူဝါဒများကို စတင် အကောင်အထည်ဖော်ခဲ့ကြောင်းကိုမူ တင်ပြလိုပါသည်။ ၂၀၁၃ခုနှစ်က ကမ္ဘာ့ဘဏ်က အဆိုပါစီမံကိန်းနှင့် စပ်လျဉ်းသည့် သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှု အစီရင်ခံစာတွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။ "ဤဌာနေ တိုင်းရင်းသားများ မူဝါဒကို အသုံးပြုရခြင်းမှာ စီမံကိန်း၏သက်ရောက်မှုဧရိယာအတွင်း၌ တိုင်းရင်းသားများနှင့် ဌာနေတိုင်းရင်းသားများ ရှိနေ၍ဖြစ်ပါသည်" ဟုဖော်ပြထားပါသည်။ ဤစီမံကိန်းဧရိယာတွင် ပါဝင်နေသော တိုင်းရင်းသား လူနည်းစုမှာ ကရင်လူမျိုးများဖြစ်ကြပါသည်။ ထို့အပြင် ပအိုဝ့်လူမျိုး အနည်းငယ်လည်းရှိပါသည်။ ယင်းလူမျိုးစု (၂)ခု စလုံးမှာ ဌာနေတိုင်းရင်းသားများဖြစ်ကြပါသည်။ ၂၀၁၄ခုနှစ် NomoGaia အဖွဲ့က လူ့အခွင့်အရေးဆိုင်ရာ လေ့လာမှု တစ်ခုပြုလုပ်ခဲ့ရာတွင် အဆိုပါ စီမံကိန်းနှင့် စပ်လျဉ်း၍ ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးမှုများမရှိကြောင်းနှင့် အထူးသဖြင့် ဒေသခံလူနည်းစုများ၏ ဘာသာစကားဖြင့် ညှိနှိုင်းမှုများမရှိကြောင်း သိရှိရပါသည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများတွင်လည်း ဌာနေတိုင်းရင်းသားများ အရေးကိစ္စပါဝင်သည်။ ၎င်းတို့သည် UNDRIP နှင့်လည်းအပြည့်အဝကိုက်ညီမှုရှိသည်။ UNDP ၏အကူအညီရရှိသော နိုင်ငံများနှင့် အခြား UNအေဂျင်စီများအပါအဝင် UNDP နှင့်၎င်း၏ စီမံကိန်းများ အကောင်အထည် ဖော်သော လုပ်ငန်းလုပ်ကိုင်ဘက်များအနေဖြင့် စံနှုန်းကိုလိုက်နာရမည်ဖြစ်သည်။

### အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ကာကွယ်စောင့်ရှောက်ရေးအစီအစဉ်

စီမံကိန်းတစ်ရပ် ဆောင်ရွက်တော့မည်ဆိုလျှင် ဘဏ်မှငွေချေးသူများသည် ဌာနေတိုင်းရင်းသားများအပေါ် မကောင်းသော သက်ရောက်မှုများမဖြစ်စေရန်နှင့် ယဉ်ကျေးမှုနှင့် လျော်ညီသော ကောင်းကျိုးသက်ရောက်မှုများ

ဖြစ်ပေါ်လာစေရန်အတွက် အဓိပ္ပါယ်ရှိသော တွေ့ဆုံညှိနှိုင်းမှု များကို ပြုလုပ်ရမည်ဟုဆိုထားသည်။ ဤနေရာတွင် သဘောတူညီမှုဆိုသည်မှာ သက်ဆိုင်ရာဌာနေတိုင်းရင်းသား လူမှုအဖွဲ့အစည်းများနှင့် စီမံကိန်းလုပ်ငန်းများက ကျယ်ကျယ်ပြန့်ပြန့် စုပေါင်း သဘောတူခြင်းကို ဆိုလိုပါသည်။

ထို့အပြင် ဘဏ်များကလည်း ငွေချေးသူများကို လူမှုဘဝအပေါ်သက်ရောက်မှု စစ်တမ်းကောက်ယူရန်၊ ပညာရှင်များငှားရမ်းတာဝန်ပေးရန်လိုအပ်ပါသည်။ (ယင်းသို့ပညာရှင်များလိုအပ်ကြောင်း ကို IFC ၏လုပ်ငန်းဆောင်ရွက်မှု စံနှုန်းအမှတ်စဉ်(၇) တွင်လည်း ဖော်ပြထားပါသည်။) အကယ်၍သက် ရောက်မှုများရှိသည်ဟု စစ်တမ်းကောက်ယူ ချက်များမှ တွေ့ရှိရပါက ဘဏ်မှငွေချေးသူများက ဌာနေတိုင်းရင်းသားများနှင့်ဆိုင်သော မူဝါဒစီမံချက်တစ်ရပ် အနေဖြင့် နစ်နာသောသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်၍ ပြန်လည်ကုစားနိုင်မည့်ကောင်းမွန်သော အစီအစဉ်များရေးဆွဲ သင့်ပါသည်။ ဤသို့ဆောင်ရွက်မှသာလျှင် ယင်းလူမှုအဖွဲ့အစည်းများသည် လိုအပ်သော စီးပွားရေးနှင့်လူမှုရေး အကျိုးအမြတ်များ ခံစားရရှိနိုင်မည့် အပြင် မကောင်းသောသက်ရောက်မှုများကို ဖော်ထုတ်၍ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ဘဏ်မှငွေ ချေးငှားသူများ ဖက်ကလည်း ထိခိုက်ခံရသောသူများအတွက် မကျေနပ်ချက်များ၊ နစ်နာမှုများကို ဖော်ထုတ်ရန် လမ်းစဉ်ကိုရေးဆွဲ၍ သက်ရောက်မှုများကို အမြဲစောင့်ကြပ်ကြည့်ရှုခြင်း၊ ပြန်လည်သတင်းပို့စေခြင်းများ ရှိရပါမည်။ အထူးသဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ ကာကွယ်စောင့်ရှောက်ရေး လိုအပ်ချက် အစီအစဉ်တွင် ဌာနေတိုင်းရင်းသားများ၏ ဘိုးဘွားစဉ်ဆက်မြေပိုင်ဆိုင်မှု၊ ထုံးတမ်းစဉ်လာအရ နယ်မြေပိုင်ဆိုင်မှုစသည်တို့ကို ဥပဒေကြောင်းအရအသိအမှတ်ပြုနိုင် မည့် အစီအစဉ်များကို အဆိုပါမူဝါဒရေးရာပိုင်းတွင် ထည့်သွင်းရေးဆွဲရန် ပါရှိပါသည်။

**သဘာဝသယံဇာတထုတ်ယူသုံးစွဲသောလုပ်ငန်းများ**

International Council on Mining and Metals (ICMM) သည် သတ္တုတူးဖော်ရေး ကုမ္ပဏီ ၂၃ခုနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းကဏ္ဍမှ အသင်းအဖွဲ့ (၃၅)ဖွဲ့ ပါဝင်ဖွဲ့စည်းထားသော ကောင်စီတစ်ရပ်ဖြစ်ပါသည်။ ယင်း ကောင်စီသည် ၂၀၁၃ခုနှစ် မေလတွင် ဌာနေတိုင်းရင်းသားများနှင့် စပ်လျဉ်းသည့် သဘောထားရပ်တည်ချက်များကို ထုတ်ပြန်ခဲ့သည်။ ဤထုတ်ပြန်ချက်ကို ၂၀၁၂ခုနှစ် တွင် IFC က လုပ်ငန်းဆောင်ရွက်မှု စံနှုန်းများထုတ်ပြန်ခဲ့ပြီးမှ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ICMM ၏ ထုတ်ပြန်ချက်တွင် အသင်းဝင်များအနေဖြင့် ဌာနေတိုင်းရင်းသားများနှင့် တွေ့ဆုံပြီး ယင်းတို့၏ သဘောတူညီချက်များ (FPIC) ကိုတောင်းခံရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဖော်ပြထားသည်။ ဤကြေညာချက်အရ ICMM အဖွဲ့ဝင်များသည် ဌာနေတိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေးရာ တွင် ခံယူရမည့်အချက် (၆)ချက် ပါရှိခဲ့သည်။

ယင်းတို့မှာ - "ဌာနေတိုင်းရင်းသားများ အစဉ်အဆက် အခြေချပိုင်ဆိုင်နေထိုင် လုပ်ကိုင်ဆောင်ရွက် နေသည့် မြေများပေါ်တွင် စီမံကိန်းအသစ်ဆောင်ရွက်ခြင်း (သို့မဟုတ်) ရှိပြီး စီမံကိန်းကိုပြုပြင်ခြင်း စသည်များ ဆောင်ရွက်ခြင်း ကြောင့် နယ်မြေရှိ ဌာနေတိုင်းရင်းသားများ၏ ရွှေ့ပြောင်းရခြင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အပေါ်သိသာထင်ရှား သော မကောင်းသော သက်ရောက်မှုများ အပါအဝင် ဆိုးကျိုးများဖြစ်ပေါ်ရန်ရှိပါက သက်ဆိုင်ရာဌာနေတိုင်းရင်းသား အစုအဖွဲ့များ၏ သဘောတူညီမှုကိုရယူ၍ ဆောင်ရွက်ရပါမည်။ ဤသို့ သဘောထားဆန္ဒရယူရာတွင် စီမံကိန်းကို လည်းကောင်း (ပြင်ဆင်လိုက်သော စီမံကိန်းကို လည်းကောင်း) မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သင့်သည်ကို ဖောင်းပေး ဆွေးနွေးရန် ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်များသည် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုအား ဗီတိုအာဏာ ပေးလိုက်ခြင်း မဟုတ်ကြောင်း နှင့် အနာဂတ်တွင် သက်ရောက်မှု ဒဏ်ကို ခံစားကြရမည့် ဌာနေတိုင်းရင်းသား အစုအဖွဲ့များထံမှ ကန့်ကွက်သူမရှိ ထောက်ခံမှုရရှိရမည် ဟုလည်းမဆိုလိုပါ။ (ဥပဒေကြောင်းအရ ဤကဲ့သို့ သတ်မှတ်ထားခြင်း မရှိပါက) ။ သို့ရာတွင် ဤသို့ သဘောတူညီချက်ရရှိရန် ဆွေးနွေးရာ၌ ကုမ္ပဏီများအား ယင်းတို့၏ စီမံခန့်ခွဲမှု အောက်တွင် မရှိသည့်ကိစ္စရပ်များအတွက် သဘောတူရန် မလိုအပ်ပါ။

ယေဘုယျအားဖြင့် သဘောတူညီမှုရရှိရန်လိုအပ်မှုသည် သက်ဆိုင်ရာဌာနေတိုင်းရင်းသား များအပေါ် သက်ရောက်နိုင်သော ပမာဏအနည်းအများပေါ်မူတည်၍ ပြောင်းလဲမှုရှိသည်။ ဥပမာ ဌာနေတိုင်းရင်းသားယဉ်ကျေးမှု ဆက်လက်ဖြစ်တည်မှုကို ခြိမ်းခြောက်သော အနေအထားတရပ်သည် ကြီးမားပြင်းထန်၍ ရေရှည်ထိခိုက်မှုရှိလျှင် သဘောတူညီမှုကို ရရှိရန်ပိုမိုလိုအပ်ပြီး အကျိုးဆက်မရှိပဲ အနည်းငယ်သာ အဆင်မပြေဖြစ်နိုင်သည့် ကိစ္စမျိုးဆိုပါက လုပ်ဆောင်ရန်တင်ပြထားသည့် လုပ်ငန်းဆောင်ရွက်မှုများ အပေါ် ဆောင်ရွက်ပြီးစီးနိုင်ရန်သာ ပိုမို၍ လိုအပ်ပေမည်။

ဌာနေတိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က အလေးထား ပြောကြားသည်မှာ သဘောတူညီမှုရရန် ရည်ရွယ်ချက်အရေးကြီးမှု (သို့) ခိုင်မာမှုမှာ ဌာနေတိုင်းရင်းသားများ၏ လိုအပ်ချက်နှင့် အခြေအနေ အကြောင်းချင်းရာ တုံ့ပြန်မှုများပေါ်တွင် မူတည်၍ ပြောင်းလဲမှုရှိသည်။ ဌာနေတိုင်းရင်းသားများ၏ ဘဝများ သို့မဟုတ် နယ်မြေများအပေါ်၌ သိသာထင်ရှားစွား တိုက်ရိုက်သက်ရောက်မှု တစ်ခုရှိမည်ဆိုပါက အဆိုပြုထားသော လုပ်ဆောင် ချက်များကို ဌာနေတိုင်းရင်းသားများ၏ သဘောတူညီမှုမရပဲ ဆက်လက်လုပ်ဆောင်ရန်မသင့်ဟု အခိုင်အမာယူဆရမည်။ ဆက်လက်လုပ်ဆောင်ပါက ဌာနေတိုင်းရင်းသားများ၏သဘောတူညီချက်မပါရှိသော စီမံကိန်းဖျက်သိမ်းလိုက်ရသည်အထိ ဖြစ်သွားနိုင်သည်။ ကိစ္စရပ်တော်တော်များများတွင် ကုမ္ပဏီများအနေဖြင့် သက်ဆိုင်ရာလူပုဂ္ဂိုလ်များ၏ သဘောတူညီမှုမရှိပဲ စီမံကိန်းတခုကိုဆက်လက်လုပ်ဆောင်ခြင်းသည်အကျိုးမရှိဖြစ်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ထိုကဲ့သို့လုပ်ဆောင် မှုသည် တရားဝင်ဖြစ်မှု၊ ကောင်းကျိုးရလဒ်နှင့် ရေရှည်တည်မြဲမှုတို့ ကို ယုတ်လျော့ ပျက်ပြားသွားစေလိမ့်မည်။

ICMM အဖွဲ့ကလည်း ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ယင်း၏ မူလရပ်တည်ချက်များ ပေါ်တွင် အခြေခံပြီး "ဌာနေတိုင်းရင်းသားများနှင့် သတ္တုတူးဖော်မှုဆိုင်ရာ ကောင်းသောလုပ်ထုံးလုပ်နည်းများ (Indigenous Peoples and

Mining Good Practices Guide) ဟု လက်စွဲစာစောင်အသစ်ထုတ်ဝေခဲ့သည်။ ဤစာစောင်၏ ရည်ရွယ်ချက်မှာ ကုမ္ပဏီများနှင့်ဒေသခံများအကြား ကောင်းမွန်သော ရင်းနှီးချစ်ကြည်မှုများရစေရန်ဖြစ်သည်။ ဤစာစောင်၌ကုမ္ပဏီများ အနေဖြင့် ဌာနေတိုင်းရင်းသားများ၏ သဘောတူညီမှုရရှိရန်အတွက် ဆောင်ရွက်ရန်နည်းလမ်းများ၊ ကောင်းမွန်သော ဆက်ဆံရေးများ ထူထောင်ရေး၊ ဌာနေတိုင်းရင်းသားအစုအဖွဲ့များအား ဆုံးဖြတ်ချက်ချမှတ်ရေး၊ လုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ရရှိရေး၊ သက်ရောက်မှုများကို ထိန်းကွပ်ခြင်း၊ နှစ်ဦးနှစ်ဖက်သဘောတူ စာချုပ်များ ချုပ်ဆိုရေးနှင့် နစ်နာမှုများကို ဖြေရှင်းရေးတို့ ပါဝင်သည်။

IPIECA အဖွဲ့သည် သဘာဝပါတ်ဝန်းကျင်နှင့် လူမှုရေးပြဿနာများအတွက် ရေနံနှင့်ဓါတ်ငွေ့ကဏ္ဍမှ အဖွဲ့တစ်ခုဖြစ်သည်။ ဤအဖွဲ့တွင် ကမ္ဘာပေါ်ရှိ အကြီးဆုံးရေနံ ကုမ္ပဏီကြီး (၆) ခု အပါအဝင် နိုင်ငံ (၇) ခုမှ အမျိုးသား ရေနံကုမ္ပဏီများ ၊ ရေနံနှင့် ဓါတ်ငွေ့ကဏ္ဍမှ ကုမ္ပဏီ ၄၀၀ ကျော်ကို ကိုယ်စားပြုသော အသင်း (၁၆) သင်း ပါဝင်ပါသည်။ IPIECA အဖွဲ့က အဖွဲ့ဝင်ကုမ္ပဏီများသည် ဌာနေတိုင်းရင်းသား အစုအဖွဲ့များနှင့် ယင်းတို့၏ ယဉ်ကျေးမှုများကို အာဏာအကွယ်ပေးရမည်ဟု ဆိုထားသည်။ ၂၀၁၂ ခုနှစ် ဧပြီလက ယင်းအဖွဲ့ကြီးက Indigenous Peoples and the oil and gas industry: Context, issues and emerging good practices" အမည်ဖြင့် စာစောင်တစ်ခုဖြန့်ဝေခဲ့သည်။ ဤစာစောင်၏ ရည်ရွယ်ချက်မှာ "မူဝါဒရေးရာများနှင့် ဥပဒေကြောင်းဆိုင်ရာများကို အကျဉ်းချုပ်တင်ပြရန်နှင့် ဒေသခံ ဌာနေတိုင်းရင်းသား လူအဖွဲ့အစည်းများနှင့် ဆက်ဆံရာတွင် ရင်ဆိုင်ရသည့် အဓိကစိန်ခေါ်မှုများနှင့် ပေါ်ထွက်လာ နေသော ကောင်းသောလုပ်နည်းလုပ်ဟန် များကိုတင်ပြရန်" ဟုပါရှိသည်။ ဤစာစောင်သည် ဌာနေတိုင်းရင်းသားများ အသက်မွေးဝမ်းကြောင်းပြု နေထိုင်ရာနေရာများတွင် လုပ်ငန်းဆောင်ရွက်နေကြသော ကုမ္ပဏီများအနေဖြင့် မိမိတို့ရင်ဆိုင် နေရသော စိန်ခေါ်မှုများကို ဖြေရှင်းရာ၌ ယေဘူယျလက်စွဲအဖြစ် အသုံးပြုနိုင်ရန် ကုမ္ပဏီနှင့် ဌာနေတိုင်းရင်းသားများ၏ ဆက်ဆံဆောင်ရွက်မှုပုံစံများကိုနားလည်စေရန်ဖြစ်ကြောင်း၊ ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း၏ စံနှုန်း မဟုတ်ကြောင်းနှင့် ကုမ္ပဏီများအတွက် အသေးစိတ်လမ်းညွှန်ချက်ဟု မယူဆစေလိုကြောင်း ဆက်လက်ဖော်ပြထားသည်။ နိဂုံးပိုင်းတွင် ဌာနေတိုင်းရင်းသားများနှင့် ရေနံနှင့်သဘာဝဓါတ်ငွေ့ကုမ္ပဏီ များအကြားကောင်းမွန်သော လုပ်နည်းလုပ်ဟန်များကို ဖော်ပြ ထားသည်။

## ၄။ မြန်မာနိုင်ငံ၏ တိုင်းရင်းသားနှင့် ဌာနေတိုင်းရင်းသားများ

အာရှတိုက်တွင် မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံ နေထိုင်သောနိုင်ငံတစ်နိုင်ငံ ဖြစ်သောကြောင့်ယဉ်ကျေးမှုများ အရ ကွဲပြားမှုအများဆုံး နိုင်ငံများထဲတွင် တစ်ခုပါဝင်ပါသည်။ တိုင်းရင်းသားရေးရာသည် မြန်မာနိုင်ငံတွင်း၌ နိုင်ငံရေးအရ အလွန်ထိရှလွယ်သော ကိစ္စလည်းဖြစ်သည်။ မြန်မာနိုင်ငံရှိတိုင်းရင်းသားများက အစိုးရသည် တိုင်းရင်းသားရိုးရာကွဲပြား မှုများကို မိမိကိုယ်ကျိုးအတွက် နိုင်ငံရေးလက်နက်သဖွယ် အသုံးပြုနေသည်ဟု ယူဆထားကြသည်။ မြန်မာနိုင်ငံ၏

နှစ်ပေါင်း ၆၀ကျော် ရှည်ကြာပြီဖြစ်သော လက်နက်ကိုင်ပဋိပက္ခ အများစုမှာလည်း ဤတိုင်းရင်းသားကိစ္စများတွင် အခြေခံသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားအများစုသည် ဝေးလံသောနေရာများ၌နေထိုင်ကြသည်။ ယင်းတို့သည် အစိုးရမှသော်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍမှသော်လည်းကောင်း အကူအညီများမရရှိကြပါ။ ယင်းတိုင်းရင်းသား အစုအဖွဲ့များသည် မိမိတို့၏ကိုယ်ပိုင်ဘာသာစကား၊ ဓလေ့ထုံးစံများနှင့် ကိုးကွယ်ယုံကြည်မှုများ ရှိကြသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် "ဆက်သွယ်၍မရသောလူမျိုးစု" နှင့် "ဆက်သွယ်၍ မရသောလူ" ဟူ၍မရှိပါ။ အဓိပ္ပါယ်မှာ ကမ္ဘာကြီးနှင့်အဆက်အသွယ်ပြတ်နေပြီး သီးခြားကျန်ရှိနေသောလူမျိုးအုပ်စုများမရှိခြင်း ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံမှာ ကဲ့သို့ "scheduled tribes" ခေါ် အန္ဒိယဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်ထားသော စည်းမျဉ်းခံ လူမျိုးစုများ မရှိပါ။

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားလူနည်းစု (သို့) ဌာနေတိုင်းရင်းသား ဟူသော စကားလုံးကို အသုံးပြုမထားပါ။ အင်္ဂလိပ်ဘာသာဖြင့် တိုင်းရင်းသားလူမျိုးများ (national races) ဟု တရားဝင်ဘာသာပြန်၍ သုံးနှုန်းထားပါသည်။ တိုင်းရင်းသားလူမျိုးများ national races ကို ဖွဲ့စည်းပုံ အခြေခံဥပဒေက အဓိပ္ပါယ်ဖွင့်ဆို မထားသော်လည်း ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပါအတိုင်း သုံးနှုန်းနေခြင်း ဖြစ်ပါသည်။ ဤဥပဒေနှင့် ၁၉၈၃ ခုနှစ်က ထုတ်ဝေသော နည်းဥပဒေများတွင် တိုင်းရင်းသားလူမျိုး၁၃၅ မျိုး ရှိသည်ဟု ဖော်ပြထားပါသည်။ ဤစာရင်းတွင် လူများစုဗမာလူမျိုးများနှင့် အဓိကအခြားလူမျိုး (၇) မျိုးကို ဖော်ပြထားပါသည်။ သို့ရာတွင် ဤစာရင်းတွင် မြန်မာနိုင်ငံတွင်နေထိုင်သော အိန္ဒိယ၊ နီပေါ၊ တရုတ်လူမျိုးများ မပါဝင်ပါ။ မြန်မာနိုင်ငံ အနောက်ဖက်ဒေသ ရခိုင်ပြည်နယ်တွင်နေထိုင်ကြသော အစ္စလာမ်ဘာသာဝင်မူဆလင်ရိုဟင်ဂျာများလည်း မပါရှိပါ။

ဌာနေတိုင်းရင်းသားအရေးကို ဆောင်ရွက်နေကြသူများကမူ မြန်မာစကားတွင် ဌာနေတိုင်းရင်းသား ဟုသာ သုံးစွဲကြသည်။ သူတို့က နိုင်ငံတကာအသုံးအနှုန်းကို လက်ခံသုံးစွဲနေကြခြင်း ဖြစ်သည်။ ပြည်တွင်း၌ လူဦးရေမများခြင်း သမိုင်းကြောင်းရှိခြင်း ဘိုးဘွားစဉ်ဆက် နေထိုင်ခဲ့သောနယ်မြေနှင့် မိမိတို့ကိုယ်မိမိတို့ အသိအမှတ်ပြုခြင်းစသော သတ်မှတ်ချက်များအတိုင်း သုံးနှုန်းနေကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားအရေးကို ဆောင်ရွက်နေသူများက လူမျိုးစု၁၃၅ မျိုး ရှိသည်မှာ အတိအကျမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဥပမာ-လူမျိုးများကို မိမိတိုင်းရင်းသားလူမျိုးစုအနွယ်အဆက်အစပ်လိုက်မဟုတ်ပဲ နေထိုင်ရာဒေသကို အစွဲပြု၍ လူမျိုးစုများသတ်မှတ်ခြင်း၊ (ဥပမာ) ထားဝယ်သားဟုခေါ်ဆိုရာ၌ထားဝယ်သားများသည် မိမိတို့ကိုယ် မိမိတို့ သီးခြားအုပ်စုတစ်စုအဖြစ်မှတ်ယူထား သော်လည်း ဗမာ၏အုပ်စုအခွဲအဖြစ်တရားဝင်သတ်မှတ် ခံရသည်ဟု ဆိုသည်။ သတ်မှတ်မှုများသည် ခွဲခြားမှုလည်းရှိသည်ဟုဆိုသည်။ ဥပမာ- မြန်မာပြည်၏နောက်ဘက်မှ ချင်းလူမျိုးများကို အုပ်စုခွဲ ၅၃ခုအဖြစ် ခွဲထားသည်။ ထိုသူများသည် မိမိတို့ဘာသာမိမိတို့ကိုယ်တိုင် ဌာနေတိုင်းရင်းသားဟုခံယူကာ သမိုင်းကြောင်းအရ၊ယဉ်ကျေးမှုအမွေအနှစ်အရ၊ နေထိုင်ရာဒေသနယ်မြေအရ၊ ရိုးရာဓလေ့ ထုံးစံများ တူညီကြသည်ဟု ယူဆကြသည်။

အချို့လူမျိုးစုများ၊ အထူးသဖြင့် ချင်းလူမျိုးများက ၂၀၁၄ ခုနှစ် လူဦးရေ သန်းခေါင်စာရင်း တွင်လူမျိုးစု ၁၃၅စု ဟူသော အယူအဆကိုကန့်ကွက်နေသည့်ကြားက သန်းခေါင်စာရင်းကောက်လုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ အစိုးရကမူ သန်းခေါင်စာရင်းအရ လူမျိုးစုအလိုက် လူဦးရေစာရင်းကို မထုတ်ပြန်မီ လူမျိုးစုများနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်မည်ဟုပြောကြားထားသည်။ သန်းခေါင်စာရင်းတွင် အချို့ပုဂ္ဂိုလ်များက "အခြား" ဟု ပြောဆိုကြရာ သွေးနှောသူ ကပြားများ ဖြစ်လိမ့်မည်ဟု ယူဆနိုင်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၌ လူမျိုးစုအလိုက်လူဦးရေကို မသိရှိရသေးသော်လည်း ဗမာမဟုတ်သော အခြားလူမျိုးစု များမှာ ၃၀ မှ ၄၀ ရာခိုင်နှုန်းအထိရှိနိုင်သည်။ တိုင်းရင်းသားပြည်နယ်(၇) ခုသည် မြန်မာနိုင်ငံ၏ ဧရိယာ ၅၇%ကို ပိုင်ဆိုင်ထားသည်။ ဤပြည်နယ်(၇)ခုကို ယင်းပြည်နယ်များရှိ လူဦးရေအများဆုံး လူမျိုးစု နာမည်ကိုပေးထားခြင်းဖြစ်သည်။ (ရခိုင်၊ ချင်း၊ ကချင်၊ ရှမ်း၊ ကယား၊ ကရင်၊ မွန်) တဖက်တွင်လည်း ပြည်နယ်နာမည်မရှိသော တိုင်းရင်းသား လူနည်းစုများလည်းရှိကြသည်။ ယင်းတို့မှာ ပအိုဝ့်၊ ဝ၊ နာဂ၊ ပလောင်နှင့် အခြားလူမျိုးစုငယ်များ ဖြစ်သည်။ တိုင်းရင်းသား လူမျိုးစုများအနေဖြင့် အထက်ပါအမည်ပေါက် ပြည်နယ်(၇)ခုတွင်အများစုနေထိုင်ကြပြီး စိုက်ပျိုးရေးလုပ်ကိုင်ကြသော် လည်း ကျန်တိုင်းဒေသကြီး (၇) ခုတွင်လည်း နေထိုင်သူများရှိပါသည်။

မြန်မာနိုင်ငံတွင် ဘာသာစကားအများအပြား ပြောကြားကြပါသည်။ အဓိကအားဖြင့် ဗမာ၊ ကရင်၊ ရှမ်း၊ ဂျိန်းဖော် (အဓိက ကချင်ဘာသာစကား) ၊ မွန်၊ ချင်း၊ ရခိုင်နှင့် ထားဝယ်စကားတို့ ဖြစ်ကြသည်။ အထက်ပါ အဓိက ဘာသာစကားများအပြင် ဒေသအလိုက်ပြောသောစကား များလည်းရှိကြသည်။ အချို့တိုင်းရင်းသား လူနည်းစုဝင်များ၊ အထူးသဖြင့် မြို့ပေါ်တွင်နေထိုင်ကြသော လူငယ်များမှာ မိခင်ဘာသာစကား များကိုမပြောကြတော့ပါ (ရန်ကုန်မြို့ပေါ်ရှိ ရှမ်းနှင့်ကရင်) ထို့အပြင်သွေးနှောသူများ (ဥပမာ ဗမာအမေနှင့် ရှမ်းအဖေ) မှာ ဗမာစကားကိုမိခင်ဘာသာစကားအဖြစ် ပြောဆိုကြသည်

ဤစာတမ်းအနေဖြင့်မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော မည်သည့်လူမျိုးစုများသည် နိုင်ငံတကာက အသိအမှတ် ပြုထားသော ဌာနေတိုင်းရင်းသား အင်္ဂါရပ်များနှင့် ပြည့်စုံမှုရှိသည်ကို စီစစ်ရန်မဟုတ်ပါ။ အခြေအနေအရပ်ရပ်ပေါ် မူတည်ပြီး ကိစ္စတစ်ခုခြင်းအလိုက် ပညာရှင်များ၏ အကြံဉာဏ်များကို ရယူဆောင်ရွက်ရမည်သာမက ကာယကံရှင်များ၏ မိမိကိုယ်မိမိ မည်သို့ခံယူသည်ကိုပါ ထည့်သွင်းစဉ်းစားရပါမည်။ မြန်မာနိုင်ငံရှိ ကျေးလက်ဒေသနေတိုင်းရင်းသား လူမျိုးစုငယ်များသည် မိမိတို့၏ နေရင်းနယ်မြေများနှင့် ဆက်စပ်ဆဲဖြစ်၍ (လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် ဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် ရွှေ့ပြောင်းခဲ့ရသည်ဖြစ်စေ) နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီနိုင်ဖွယ်ရာရှိပါသည်။ သို့ရာတွင် မြို့ပေါ်ရှိ တိုင်းရင်းသားမျိုးနွယ်စုများနှင့် သွေးနှောနေသူများအတွက်မူ ကိုက်ညီမှု ရှိ၊ မရှိ မသေချာပါ။ ဤမေးခွန်း ပုစ္ဆာများမှာ ကာယကံရှင်များကိုယ်တိုင် မိမိကိုယ်မိမိ မည်သို့ဖြစ်စေလိုသည်ကို ဆက်လက်၍ဖြေရှင်းရမည်ဖြစ်ပါသည်။ ထိုသို့ဖြေရှင်းရာတွင်လည်း ချမှတ်ထားသော လမ်းစဉ်များနှင့် ကိုက်ညီရမည်။

**တိုင်းရင်းသားများ အခွင့်အရေးနှင့် သက်ဆိုင်သောဥပဒေများ**

၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက တိုင်းရင်းသားများနှင့်စပ်လျဉ်း၍ ရပိုင်ခွင့်အချို့ကိုပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၃၆၅ က နိုင်ငံသားများအားဥပဒေနှင့် အညီ မိမိတို့အမြတ်တနိုး ထားရှိသော စာပေ၊ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာပြုစုပျိုးထောင် ဆောင်ရွက်ခွင့်ပေးထားပါသည်။ ပုဒ်မ ၃၆၅ တွင်ပင် ဆက်လက်၍ မိမိ၏ဆောင်ရွက်မှုသည် အခြားတိုင်းရင်းသား လူမျိုးတစ်မျိုးကိုဖြစ်စေ၊ လူမျိုးများကို ဖြစ်စေ ထိခိုက်နစ်နာစေနိုင်လျှင် သက်ဆိုင်သူများ အချင်းချင်းညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ သို့ရာတွင် ဤသို့အကာအကွယ်ပေးမှုများ၊ ရပိုင်ခွင့်များကို ဥပဒေနှင့်ညီညွတ်ရမည်ဟူ၍ သတ်မှတ်ပေးထားသည်။ သို့ရာတွင် ဥပဒေကိုယ်၌ကပင် အကန့်အသတ်များရှိနေပြီး နိုင်ငံတော်၏စည်းလုံးမှုကို ထိခိုက်ပျက်ပြားစေသောအပြုအမူများကို ရှောင်ကြဉ်ရမည်ဟုဆိုထားသည်။ ထို့အပြင်ပုဒ်မ၃၆၅ သည် မြန်မာနိုင်ငံသားများအတွက်သာဖြစ်သည်။ သောင်းနှင့်ချီသော ဌာနေတိုင်းရင်းသားများမှာ နိုင်ငံသားဖြစ်ခွင့် ရရှိရန် လိုအပ်သောစာရွက်စာတမ်းမပြည့်စုံမှုများနှင့် ကြုံတွေ့နေရသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၂တွင် (က) နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ ၊ အနုပညာ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်(ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်ရမည် (ဂ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေး အတွက် ကူညီဆောင်ရွက်ရမည် ဟု ပါရှိပါသည်။

၂၀၁၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးများ ကာကွယ်သည့် ဥပဒေက ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံဥပဒေမှ ပုဒ်မ ၂၂ ကို အခြခံထားသည်။ အထူးသဖြင့် ပြည်ထောင်စုအဆင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနတစ်ခုကိုပါဖွဲ့စည်းရန်လိုအပ်သည်မှာ အခြေခံလိုအပ်ချက်ပင် ဖြစ်ပါသည်။ သို့ရာတွင်MCRB အဖွဲ့၏ဌာနေတိုင်းရင်းသားများနှင့်ဆွေးနွေးချက်များအရ ဤတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကာကွယ်သည့်ဥပဒေကို ရေးဆွဲစဉ် ကာလက ဌာနေတိုင်းရင်းသား အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းများ မရှိခဲ့ဟု သိရှိရပါသည်။ ဤတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ ကာကွယ်သည့်ဥပဒေ၏ ရည်ရွယ်ချက်ကို ပုဒ်မ (၃) တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။ (င) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသား လူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်ဟု ပါရှိပါသည်။ ယင်းပုဒ်မ (၃) တွင်ပင် (က) တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေး ရရှိစေရန်ဟုဖော်ပြထားပြီး (စ) တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝရရှိစေရန်ဟုပါရှိပါသည်။ သို့ရာတွင် တိုင်းရင်းသားလူနည်းစုများအား ခွဲခြားဆက်ဆံခြင်းကိုမှ တိတိကျကျ ကာကွယ်မှုပေးထားခြင်းမရှိပါ။

ဤတိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးကာကွယ်သည့် ဥပဒေက မည်သူမျှ တိုင်းရင်းသားလူမျိုးများ အချင်းချင်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုး ဖြစ်ပေါ်စေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် ရှိသော အပြုအမူများကို မပြုလုပ်ရဟု တားမြစ်ထားကာ မည်သူမျှ ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ပိတ်ပင်တားဆီးခြင်း မပြုရဟုထပ်မံဖော်ပြထားပါသည်။ အခန်း (၄) တွင် တိုင်းရင်းသားရေးရာဝန်ကြီးတစ်ဦးကို လွှတ်တော်၏သဘောတူညီချက်ဖြင့် သမ္မတကခန့်အပ်နိုင်ကြောင်းပါရှိပြီး အခန်း (၅)တွင် ဝန်ကြီးဌာန၏ တာဝန်နှင့်ဝတ္တရားများကို ဖော်ပြထားပါသည်။ အခန်း (၅) ဝန်ကြီးဌာန၏ တာဝန်နှင့် ဝတ္တရားများတွင် ပုဒ်မ(၉) အပိုဒ်ငယ် (ခ) ၌ ဖွံ့ဖြိုးမှု နည်းပါးသော တိုင်းရင်းသားလူမျိုးများ၏ လူမှု ဘဝမြင့်မားရေးအတွက် ပညာရေး ၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့်လုပ်ငန်းရပ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းနှင့် အပိုဒ်ငယ် (ည) တွင် လူနည်းစုဖြစ်သော ကွယ်ပျောက်လုနီးပါးဖြစ်နေသော တိုင်းရင်းသားမျိုးနွယ်စု များ၏ စကား၊ စာပေ၊ အနုပညာယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်း နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းစသည်ဖြင့်ပါရှိပါသည်။ ၂၀၁၈ ခုနှစ်၏ ဖွဲ့စည်းပုံများအရ စစ်အစိုးအရမှ နယ်စပ်ရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့သည်။ နယ်စပ်ရေးရာဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာအရ (website) ၎င်း၏ရည်ရွယ်ချက်မှာ နယ်စပ်ဒေသ နှင့် တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်အောင် ထိထိရောက်ရောက်နှင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဆက်လက်ဖွဲ့စည်းသွားမည့် တိုင်းရင်းသား ရေးရာဝန်ကြီးဌာနတို့၏ လုပ်ပိုင်ခွင့်များမှာ မည်သို့ကွဲပြားခြားနားသည်ကို ယခုရေးသားနေသည် အချိန်အထိ မသိရှိသေးပါ။

ပုဒ်မ (၅)တွင် ဌာနေတိုင်းရင်းသားများ ဟု ထည့်သွင်း သုံးစွဲထားသော်လည်း အဓိပ္ပါယ် ဖွင့်ဆိုချက် အခန်း(၁) တွင် မပါရှိပါ။ ဤစကားလုံးကို နောက်ပိုင်းလွှတ်တော်သို့ တင်သွင်းသည့် အခါမှသာ ဖြည့်စွက်ခဲ့သည်ဟု သိရပါသည်။ ဤဖြည့်စွက်ချက်တွင် "ဌာနေတိုင်းရင်းသား များသည် ယင်းတို့၏ ဒေသနယ်မြေအတွင်း သဘာဝ သယံဇာတများ တူးဖော်ထုတ်လုပ်မှုနှင့် အခြားစီးပွားရေးလုပ်ငန်းများ မစတင်မီ ပြီးပြည့်စုံပြီး တိကျသော သတင်းအချက်အလက်များ ရရှိရန် လိုအပ်ကြောင်း၊ သို့မှသာ အစိုးရ သို့မဟုတ် ကုမ္ပဏီများနှင့် ဒေသခံများအကြား ဆွေးနွေးမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ပါရှိပါသည်။ ဤအချက်၏ အရေးပါပုံကို အောက်တွင် ဆက်လက်ဆွေးနွေးသွားပါမည်။

မြန်မာနိုင်ငံ၏ ဥပဒေတွင် ကုလသမဂ္ဂ၏ UNDRIP သို့ FPIC ကြေညာချက်များကို ဖော်ပြမထားပါ။ သို့ရာတွင် ဆိုခဲ့သည် FPIC နှင့်စပ်လျဉ်း၍မူ အခြားအစိုးရ စာရွက်စာတမ်းများတွင် Reducing Emmissions from Deforestation and Forest Degradation (သစ်တောပြုန်းတီးမှုနှင့် သစ်တောအရည်အသွေးကျဆင်းမှုကြောင့်ထွက်ရှိလာသော ဓာတ်ငွေ့ ထုတ်လွှတ်မှုများလျှော့ချခြင်း) – REDD+ နှင့်တွင်းထွက်သယံဇာတများ အစရှိသောအခြားစာရွက်စာတမ်းများမှ ကူးယူ ဖော်ပြချက်ရှိပါသည်။ ဤသို့ ရှိသော်လည်း မြန်မာနိုင်ငံ၏ REDD+ လုပ်ငန်းစဉ်တွင် FPIC အကောင်အထည်ဖော်သည်ကို

မတွေ့ရှိရပါ။ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ပူးတွဲထုတ်ပြန်သည့် US – Myanmar Joint Statement on Good Governance and Energy Sector ကြေညာချက်တွင် စွမ်းအင်ကဏ္ဍကို ပွင့်လင်းမြင်သာမှုရှိအောင်ကြိုးစားဆောင်ရွက်မည်ဟု ပါရှိပါသည်။ ဤကြေညာချက်တွင် ပွင့်လင်းမြင်သာမှုက ကုမ္ပဏီများအနေဖြင့် သက်ဆိုင်ရာ လူ့အဖွဲ့အစည်းများ၏ FPIC ကိုရယူလုပ်ကိုင်ရာတွင် အထောက်အကူဖြစ်မည်ဟု အလေးထား ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ၏ သဘာဝပါတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာရေးသားပြုစုရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများပါသည့် နည်းဥပဒေ (2015ခုနှစ်၊ ဒီဇင်ဘာ၊ ၂၉ရက်) တွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝအပေါ် သက်ရောက်မှုများနှင့် ဌာနေတိုင်းရင်းသားများနှင့် စပ်လျဉ်းသော အဓိပ္ပါယ်ဖွင့်ဆိုချက်များ ပါရှိပါသည်။ (မြန်မာလို တိုင်းရင်းသား မျိုးနွယ်စုဟု ဆိုထားပါသည်။)

၂ (ဆ) **<u>ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု</u>** ဆိုသည်မှာ အဆိုပြုထားသည့် စီမံကိန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု သို့မဟုတ် တာဝန်ယူဆောင်ရွက်မှုများကြောင့် သဘာဝပတ်ဝန်းကျင်နှင့်လူပုဂ္ဂိုလ်များအပေါ် ဖြစ်ပေါ်နိုင်သည့် အကျိုးသက်ရောက်မှု သို့မဟုတ် အကျိုးဆက်ကို ဆိုသည်။ သက်ရောက်မှုများသည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆက်စပ်၍သော်လည်းကောင်း၊ ကောင်းကျိုးသော်လည်းကောင်း၊ဆိုးကျိုးသော်လည်းကောင်းနှစ်မျိုးလုံးသော်လည်းကောင်းဖြစ်နိုင်သည်။ ဤလုပ်ထုံးလုပ်နည်းရည်ရွယ်ချက်များ အလို့ငှာ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဆိုရာတွင် လုပ်ငန်းခွင်ဆိုင်ရာ လူမှုအဖွဲ့အစည်း၏ လူမှုရေး ၊ လူမှုစီးပွားရေး၊ ကျန်းမာရေးနှင့်လုံခြုံမှုဆိုင်ရာကိစ္စများ ပါဝင်သည်။ လူမှုရေးဆိုင်ရာ သက်ရောက်မှုဆိုသည်မှာ ဤလုပ်ထုံး လုပ်နည်းအပိုဒ် (၉) အရ ဆောင်ရွက်ရမည့် ဆန္ဒမပါသော နေရာရွှေ့ပြောင်းမှု သို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စုနှင့် သက်ဆိုင်သည့်အိမ်ရာ ရွှေ့ပြောင်းမှု ကိစ္စများလည်း ပါဝင်သည်။

၂ (ဗ) **<u>တိုင်းရင်းသားမျိုးနွယ်စု (Indigenous People)</u>** ဆိုသည်မှာ ပင်မလူ့အဖွဲ့အစည်း နှင့်မတူဘဲ လူမှုရေးသို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာလက္ခဏာများ ထူးခြားများမှုရှိနေပြီး ထိုသူများသည် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကြောင့် ဆိုးကျိုးများခံနေရသူ တိုင်းရင်းသား ပြည်သူများကို ဆိုသည်။

ADB မှ ထောက်ပံပေးထားသော အကူအညီများဖြင့် ပြဌာန်းထားသော EIA ကျင့်ထုံးတွင် တိုင်းရင်းသားမျိုးနွယ်စု ဟု ဖွဲ့ဆိုထားသောအဓိပ္ပါယ်မှာရှင်းလင်းမှုမရှိပါ။အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာဘာသာအသုံးအနှုန်းအမျိုးမျိုးရှိသည်ကို ဤတိုင်းရင်းသားလူမျိုးများ ဥပဒေတွင် တွေ့ရှိနိုင်ပါသည်။

မြန်မာနိုင်ငံ၏သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအစီရင်ခံစာရေးသားပြုစုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပုဒ်မ(၇)တွင်ဆက်လက်၍ အိမ်ရာပြောင်းရွှေ့နေထိုင်ရမှုသို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စုများအပေါ်ဆိုးကျိုးသက်ရောက်မှုရှိနိုင်သော စီမံကိန်းများဆိုင်ရာ သီးသန့်ကိစ္စများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနက သီးခြား လုပ်ထုံးလုပ်နည်း ထုတ်ပြန်ခြင်းမပြုမီ အိမ်ရာပြောင်းရွှေ့

ရမှု သို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စုများအပေါ် ထိခိုက်နိုင်မှုရှိနိုင်သည့် စီမံကိန်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနများက သီးခြားထုတ်ပြန်သည့်လုပ်ထုံး လုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။ ယင်းသို့ လုပ်ထုံးလုပ်နည်းများမရှိလျှင် ယင်းစီမံကိန်းအားလုံးသည် ဆန္ဒမပါသောနေရာပြောင်းရွှေ့ရမှုနှင့် တိုင်းရင်းသားမျိုးနွယ်စုများနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာအလေ့အကျင့်ကောင်းများ(နိုင်ငံတကာဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများဖြစ်သောကမ္ဘာ့ဘဏ်ဖွဲ့အစည်း နှင့် အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ် တို့မှလက်ခံထားသော) ကိုလိုက်နာဆောင်ရွက်ရမည်ဟု ဆက်လက်ဖော်ပြ ထားပါသည်။ အကယ်၍ ဤလုပ်ထုံးလုပ်နည်း ကို လက်ခံအတည်ပြုခဲ့ပါလျှင် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများကို လိုက်နာရခြင်းသည် လိုအပ်ချက်တစ်ရပ်ဖြစ်လာပါမည်။ ရွေးချယ်မှုတစ်ခုပင်မဟုတ်တော့ပါ။

### မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ လက်နက်ကိုင် ပဋိပက္ခများနှင့် လူမျိုးရေးပဋိပက္ခများ

မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများ၏ အခြေအနေများသည် လက်နက်ကိုင် ပဋိပက္ခများ နှင့် ခွန်တွဲနေပါသည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီး မကြာမီပင် နယ်စပ်ဒေသများတွင်နေထိုင်ကြသော တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များနှင့် ဗမာလူမျိုးများကြီးစိုးသည့် ဗဟိုအစိုးရတို့အကြား လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပေါ်လာပါသည်။ ဤသို့ ခါးသီးသောလက်နက်ကိုင်တိုက်ပွဲများ ယခုအထိမပြေငြိမ်းသေးပါ။ အစိုးရသည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ရပ် အဖြစ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများစတင်ခဲ့သည်။ တစ်ပြည်လုံး အတိုင်းအတာ အားဖြင့်လည်း အပစ်အခတ် ရပ်စဲရေး စာချုပ်တစ်ရပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၁၅) ရက် နေ့တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ သို့ရာတွင် အကြီးဆုံးနှင့် အင်အားအရှိဆုံး အဖွဲ့များအပါအဝင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့(၇)ဖွဲ့က လက်မှတ်ရေးထိုးခြင်း မပြုသေးပါ။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း နေရာအချို့ တွင် တိုက်ပွဲ များ ဆက်လက်ဖြစ်ပွားလျှက်ရှိပါသည်။

ဤသို့ တိုက်ပွဲများဖြစ်ပွားနေသဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသား နယ်မြေများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်နေသည်။ ဤဒေသများ၌ ဆင်းရဲနွမ်းပါးမှု နှုန်းများမှာလည်း မြင့်မားသည်။ ဥပမာ ချင်းပြည်နယ်တွင် လူဦးရေ၏ ၇၃% ၊ ရခိုင်ပြည်နယ်တွင် ၄၄% နှင့် ရှမ်းပြည်နယ်တွင် ၃၃% သည် ဆင်းရဲကြသည်။ တစ်နိုင်ငံလုံး အနေအထားအရ လူဦးရေ၏ ၂၆% သည် ဆင်းရဲနွမ်းပါးကြသည်။

တိုင်းရင်းသားများ၏ အဓိကမကျေနပ်ချက်များမှာ ဤပဋိပက္ခ နယ်မြေများတွင် မြန်မာ့တပ်မတော်က ဒေသခံများအား အနိုင်အထက်ပြုခြင်းဖြစ်သည်။ထို့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရရှိမှု ၊ဗဟိုအစိုးရနှင့် သဘာဝသယံဇာတ အမွေအနှစ်များ နှင့် ယင်းတို့မှရရှိသော အကျိုးအမြတ်ခွဲဝေမှု ကိစ္စများမပြေလည်မှု၊ ခွဲခြားဆက်ဆံမှု၊ ပစ်ပယ်ခံရမှု၊ ဘာသာကိုးကွယ်

ယုံကြည်မှုကန့်သတ်ခြင်း (ကိုလိုနီခေတ်အမွေအဖြစ်တိုင်းရင်းသား အတော်များများသည် ခရစ်ယန်ကိုးကွယ်သူများ ဖြစ်ကြသည်) နှင့် တိုင်းရင်းသားဘာသာများဖြင့် ပညာမသင်ကြားရခြင်းများလည်း ကြုံနေရသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့ကြီးစိုးရာနယ်မြေကို ချုပ်ကိုင်နိုင်ပြီး ဒေသခံများ အပေါ်တွင်လည်း လွှမ်းမိုးမှု ရှိသည်။ အထူးသဖြင့် ကချင်၊ မွန်နှင့် ကရင်ပြည်နယ်ရှိ အဖွဲ့အစည်းအချို့ဆိုလျှင် ဒေသတွင်း မိမိတို့ကိုယ်ပိုင်အုပ်ချုပ်ရေး ယန္တရားကို တည်ဆောက်ထားကြကာ ကျန်းမာရေး၊ ပညာရေး၊ မြေယာကိစ္စ စသည်တို့ကို ကိုယ်တိုင်စီမံခန့်ခွဲကြသည်။ ပညာရေးတွင် မိမိတို့၏ကိုယ်ပိုင်ဘာသာစကား စာပေကို သင်ကြားခြင်း၊ ကိုးကွယ်ယုံကြည်ရာ ဘာသာရေးကို သင်ကြားပေးခြင်းဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များအား နောက်မျိုးဆက်များအတွက် ချန်ထားပေးရန်ဆောင်ရွက်နေကြသည်။ ထို့ပြင် ရိုးရာဓလေ့ထုံးစံများဖြစ်သော ပွဲလမ်းသဘင်များ၊ ဥပမာ ကချင်လူမျိုးတို့၏ မနောပွဲနှင့် ရိုးရာ တိုင်းရင်းဆေးကုသမှုများ စသည်တို့ကို ထိန်းသိမ်းရန် ဖြစ်သည်။ တိုင်းရင်းသားများအနေဖြင့်လည်း ဗဟိုအစိုးရက တိုင်းရင်းသားများ၏ ယဉ်ကျေးမှု အမွေအနှစ်များ၊ ဘာသာစကား၊ ကိုးကွယ် ယုံကြည်မှုရှိသည် တို့ကို နှိပ်ကွပ်ပြီး မြန်မာဆန်အောင် ဆောင်ရွက်နေသည်ဟုယုံကြည်ရသော (သို့) ယူဆရသောအချိန်တွင် မိမိတို့၏ ကိုယ်ပိုင် ယဉ်ကျေးမှုများ မပျောက်မပျက်ရအောင် ဆောင်ရွက်နေခြင်းဖြစ်သည်။

ရခိုင်ပြည်နယ် အနေဖြင့်မူ ကျန်ပြည်နယ် (၆) ခုကဲ့သို့ လက်နက်ကိုင်ပဋိပက္ခဒါဏ်ကို မခံရပါ။ သို့ရာတွင် မကြာခဏဆိုသလိုပင် ဗုဒ္ဓဘာသာ ရခိုင်လူမျိုးများနှင့် လူနည်းစု အစ္စလာမ် ဘာသာဝင်မူဆလင်များ မကြာခဏ လူမျိုးရေး ပဋိပက္ခဖြစ်ကြသည်။ ရခိုင်ပြည်နယ်တွင်နေကြသော မူဆလင်များက သူတို့ကိုယ်သူတို့ ရိုဟင်ဂျာလူမျိုးဟုပြောဆို ကြသော်လည်း သူတို့ကို နိုင်ငံသားအဖြစ် အသိအမှတ် မပြုရုံမက ပစ်ပယ်ခံရခြင်း၊ နှိပ်ကွက်ခံရခြင်းနှင့် လူမျိုးရေး ပဋိပက္ခဒဏ်များကို ခံနေကြရသည်။ နောက်ဆုံး ပဋိပက္ခမှာ ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ လူပေါင်း ၁၃၀,၀၀၀ ခန့်အထိ ဒုက္ခရောက်ခဲ့ကြသည်။

### ဌာနေတိုင်းရင်းသားများ ရိုးရာမြေပိုင်ဆိုင်မှုနှင့် လူ့အဖွဲ့အစည်းမှ စုပေါင်းပိုင်ဆိုင်သောမြေ

ရှေးရိုးရာပိုင်ဆိုင်မှုအရ ပိုင်ဆိုင်သောမြေ ဆိုသည်မှာ ဌာနေတိုင်းရင်းသား လူမှုအစုအဖွဲ့များက ပိုင်ဆိုင်ကြကာ ရိုးရာဓလေ့ထုံးစံများ အတိုင်း စီမံခန့်ခွဲသော မြေများဖြစ်သည်။ စုပေါင်းပိုင်ဆိုင်သော မြေဆိုသည်မှာလည်း ရှေးရိုးရာမြေ ပိုင်ဆိုင်မှုပုံစံတစ်မျိုးပင်ဖြစ်သည်။ ကျေးလက်နေပြည်သူများကလယ်မြေကို စုပေါင်းထွန်ယက်စိုက်ပျိုးရာ၌ ရှေးရိုးရာပိုင်ဆိုင် မှု ပုံစံမျိုးဖြင့် ဆောင်ရွက်ကြခြင်းဖြစ်သည်။ မြေပိုင်ဆိုင်မှုသည် အများပိုင်ဖြစ်နိုင်သည်။ ဥပမာ ရွာသူရွာသားများစုပေါင်း၍ တဆက်တစပ်တည်းရှိသော မြေများကို ဝိုင်းဝန်းထွန်ယက်ကြခြင်း သို့မဟုတ် အများစုပေါင်း ပိုင်ဆိုင်သောကျေးရွာပိုင် တောအုပ်သို့မဟုတ်စားကျက်မြေကိုစီမံခန့်ခွဲအသုံးပြုကြခြင်းဖြစ်သည်။ ဥပမာအားဖြင့်ရှင်းပြရလျှင် တောင်သူလယ်သမား

များက မြေကို ခွဲဝေသုံးစွဲကြကာ တစ်ဦးကို တစ်ဦး စိုက်ပျိုးချိန် သို့မဟုတ် ရိတ်သိမ်းချိန် တွင် ကူညီကြခြင်းဖြစ်သည်။ ILO Convention အမှတ်စဉ် ၁၆၉ တွင် ပြည်နယ်များကို သက်မှတ်ရန်နှင့် ရိုးရာမြေပိုင်ဆိုင်မှု သို့ စုပေါင်းပိုင်ဆိုင်မှုများသည် ဌာနေတိုင်းရင်းသားများမှ ပိုင်ဆိုင်ရမည်ဟု FBPIC inter alia မှတဆင့် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများအတွင်း မြေကို ရိုးရာအတိုင်း အသုံးပြုခြင်း၊ စုပေါင်းပိုင်ဆိုင်ခြင်းမှာ ကျယ်ကျယ်ပြန့်ပြန့် ရှိနေပါသည်။ တောင်ပေါ်ဒေသများတွင်လည်းကောင်း၊ မြေပြန့်ဒေသများတွင်လည်း တွေ့ရှိရပါသည်။ စားကျက်မြေများ၊ သစ်တောမြေများ၊ ကျေးရွာပိုင် မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းစသည်တို့တွင် တွေ့ရှိရပါသည်။ တောင်ပေါ်ဒေသ များတွင် ရွှေ့ပြောင်းတောင်ယာစနစ်ကို တွေ့ရပါသည်။ ဤစနစ်အရ မြေအချို့ကိုမစိုက်ပျိုးပဲ နှစ်အတန်ကြာ ချန်လှပ်ထားပြီး အချို့ကိုစိုက်ပျိုးပါသည်။ ယင်းရွှေ့ပြောင်း တောင်ယာ စိုက်ပျိုးကြသော တောင်သူများတွင် လူနည်းစုသာ ယင်းမြေကို ဘိုးဘွားစဉ်ဆက် ထွန်ယက် စိုက်ပျိုးခဲ့ကြပြီး တရားဝင်ပိုင်ဆိုင်မှု ပြနိုင်သော စာရွက်စာတမ်း၊ အထောက်အထားများ ရှိကြသည်။

အချို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်သော မွန်ပြည်သစ်ပါတီ၊ ကရင်ကေအန်ယူအဖွဲ့များ က မိမိတို့ ကိုယ်ပိုင်စနစ်များဖြင့် မြေယာပိုင်ဆိုင်မှုကို မှတ်ပုံတင်သည့် ကိစ္စများကို ဆောင်ရွက်ပေးကြသည်။ ဤသို့ ဆောင်ရွက်ရာတွင် စုပေါင်းပိုင်ဆိုင်မှု၊ ဘိုးစဉ်ဘောင်ဆက်ပိုင်ဆိုင်မှု၊ ရွှေ့ပြောင်းတောင်ယာ စသည်တို့ကိုလည်း ထည့်သွင်းအသိအမှတ် ပြုပေးသည်။ ကချင် လွတ်လပ်ရေး အဖွဲ့အစည်း (အေအိုင်အို) အဖွဲ့ကလည်း မြေယာအသုံးချရေး မူဝါဒကို မူကြမ်းရေးဆွဲပြီး ဖြစ်သော်လည်း ပြန်လည်ဖြစ်ပွားလာသော တိုက်ပွဲများကြောင့် ရပ်တန့်နေကြောင်း သိရှိရသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ နိုင်ငံတော်အတွင်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ (၆) ခု ရှိကြောင်းနှင့် ယင်းဒေသများရှိ  အုပ်ချုပ်ရေးအဖွဲ့များသည် အနည်းနှင့်အများ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိကြကြောင်း သိရှိရသည်။ သို့ရာတွင် ယင်းလွတ်လပ်ခွင့်များကို ကိုင်တွယ်သုံးစွဲမှု ရှိ၊ မရှိ တော့မသိရပါ။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့် ရသော ဒေသတွင်မူ ပြင်ပမှ လာရောက်ရင်းနှီးမှု များနှင့် နယ်မြေပြင်ပမှ လာရောက်အခြေစိုက်သူများကြောင့် အထူးသဖြင့်သတ္တုတူးဖော်ရာ နေရာများ၌ မကောင်းသော သက်ရောက်မှုများ ရှိနေသဖြင့် ဒေသခံ ဓနု လူ့အဖွဲ့အစည်းအချို့နှင့် လူငယ်အဖွဲ့များ စုပေါင်း၍ ဓနုလူမျိုး များကိုကာကွယ်ရန် နည်းလမ်းများကို ဆွေးနွေးနေကြသည် ဟု သိရှိရသည်။

ဌာနေတိုင်းရင်းသားများ နေထိုင်ရာဒေသအချို့တွင် အုပ်ချုပ်ရေး (၂) မျိုး ရှိနေသည်ကို လည်း တွေ့ရှိရသည်။ အစိုးရ နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဟူ၍ ရှိနေသည်။ ဤသို့ဖြစ်ပေါ်နေသောကြောင့် (၂) ဖက် ပဋိပက္ခများ မကြာခဏ ဖြစ်ပေါ်လေ့ရှိပြီး ဒေသခံများ အနေဖြင့်လည်း မြေယာကိစ္စများတွင် မည်သို့ဆောင်ရွက်ရမည်ကို မသိဖြစ်နေရသည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလက MCRB က ကြီးမှူးကျင်းပခဲ့သည့် ဆွေးနွေးပွဲ၌မူ တက်ရောက် လာသော ဌာနေတိုင်းရင်းသားအဖွဲ့များက မြေယာကိစ္စ၊ မြေသိမ်းမှု၊ မြေယာမူခင်း ကိစ္စများ ဖြစ်ပေါ်လျှင် အစိုးရဖက်ကရော၊ လက်နက်ကိုင် အဖွဲ့အစည်းများဖက်ကပါ တာဝန်ယူမှု မရှိဟု ဆိုခဲ့ကြသည်။

ယခုလက်ရှိ ဥပဒေကြောင်းများအရ ရိုးရာနှင့် စုပေါင်းမြေပိုင်ဆိုင်မှုကို လုံလုံလောက်လောက် အသိအမှတ်ပြုထားခြင်းမရှိသောကြောင့် လုံလောက်စွာအကာအကွယ်မပေးနိုင်ပါ။ ဌာနေတိုင်းရင်းသားများ အနေဖြင့်လည်း လက်ရှိချမှတ် ထားသော မြေယာဥပဒေမူဘောင်များအရ မြေယာလုပ်ပိုင်ခွင့်နှင့် စပ်လျဥ်း၍ အာမခံချက်မရှိပါ။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် နိုင်ငံတော်သည်သာလျှင် မြေအားလုံးနှင့် မြေပေါ်မြေအောက် သယံဇာတများအားလုံး၏ ပိုင်ရှင်ဖြစ်သည်ဟုပြဌာန်းထားပါသည်။ မြေအသုံးချခွင့်ကိုပေးသောသူဖြစ်သည်ဟုလည်း ဖော်ပြထားသည်။ ဌာနေတိုင်းရင်းသားများနှင့် ပတ်သက်၍ မပါရှိသလို ယင်းတို့၏ နယ်မြေများတွင် စုပေါင်းမြေပိုင်ဆိုင်မှု၊ ရိုးရာမြေယာအသုံးချမှုများကိုလည်း အသိအမှတ်မပြုပါ။ အခြေခံဥပဒေက ပုဂ္ဂလိကပိုင်ဆိုင်မှုကို လက်ခံသည်။ မြေယာဥပဒေအသစ်များတွင်လည်း ရိုးရာမြေယာ ပိုင်ဆိုင်မှုကို လုံလောက်သော အသိအမှတ်ပြုမှု မရှိပါ။

ဤအချက်က ဘိုးဘွားစဥ်ဆက်ပိုင်ဆိုင်ခဲ့သော မြေပေါ်တွင် ရွှေ့ပြောင်းတောင်ယာစနစ်ကို စုပေါင်းအသုံးပြုနေသော ဌာနေတိုင်းရင်းသားများသည် မြေပိုင်ဆိုင်မှု အထောက်အထားစာရွက် စာတမ်းများ မတင်ပြနိုင်သဖြင့် နောင်တွင် မြေအသိမ်းခံကြရမည့် အန္တရာယ်ရှိနေပါသည်။ အမှန်တကယ်လည်း နယ်စပ်ဒေသများတွင် အစိုးရက နှစ်ပေါင်းများစွာကပင် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင် နေကြသောဌာနေတိုင်းရင်းသားများ၏ မြေများကို သိမ်းယူခဲ့ပြီးဖြစ်ပါသည်။

Land Core Group ခေါ် မြန်မာနိုင်ငံတွင် ဖွဲ့စည်းထားသော ဒေသခံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်သည့်အဖွဲ့က အစိုးရကသိမ်းယူလိုက်သည့် မြေအမျိုးအစား များနှင့်စပ်လျဥ်း၍ စာရင်းပြုစုထားပါသည်။ ယင်းသို့ သိမ်းယူရာတွင် အစိုးရက ကမကထပြုသည့် စိုက်ပျိုးရေးလုပ်ငန်းကြီးများ၊ ပုဂ္ဂလိကကုမ္ပဏီများ ပိုင်ဆိုင်သည့် စက်မှု-လယ်ယာလုပ်ငန်းများ၊ ကြီးမားသောစက်မှုလုပ်ငန်းတိုးတက်ရန် စီမံကိန်းများ၊ စက်မှုဇုံများနှင့် အများပြည်သူ ဆိုင်ရာ အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ဖြစ်ပါသည်။ သို့ရာတွင် ယင်းသို့သိမ်းယူထားသော မြေအများအပြားမှာ အမှန်တကယ်အသုံးချခြင်းမရှိပဲ အလဟာသများ ဖြစ်နေပါသည်။ ဤသို့ အလဟာသ ဖြစ်နေသော်လည်း ယင်းမြေကွက်များကိုနှစ်ရှည်လများကပင် ထွန်ယက်စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသောမူလပိုင်ရှင်များထံသို့ ပြန်လည် လွှဲအပ်ခြင်း မရှိပါ။ ထိုသို့သော ကိစ္စရပ်များကို ခံစားရသည့် ဌာနေတိုင်းရင်းသားများကိုလည်း ပြန်လည်ကုစားမှုများ ပြုလုပ်ပေးသည်မှာ မရှိသလောက်ပင် ဖြစ်ပါသည်။ မြေယာကိစ္စများနှင့်စပ်လျဥ်းသော ကျွမ်းကျင်သူများကအစိုးရအနေဖြင့် မြေယာအသုံးချခွင့်နှင့် ဆိုင်သော ရိုးရာဓလေ့ထုံးတမ်းဥပဒေများကို တရားဝင်လက်ခံ အသိအမှတ်ပြုရန် နှင့် မြေကို စုပေါင်းပိုင်ဆိုင်မှုအတွက် လိုအပ်သော ယန္တရားများ ဖော်ထုတ်ရန် တိုက်တွန်းထားသည်။

အလားအလာကောင်းတစ်ရပ် အနေဖြင့်မူ ၂၀၁၄ ခုနှစ် အောက်တိုဘာလ တွင် အစိုးရက အမျိုးသားမြေအသုံးချမှုမူဝါဒ အသစ်တစ်ရပ်ရေးဆွဲရန် အတွက် အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းများအား စတင်လာခြင်းပင် ဖြစ်ပါ သည်။ ဤဆွေးနွေးပွဲများကို ၂၀၁၅ခုနှစ် တစ်နှစ်လုံးတွင် ဌာနေတိုင်းရင်းသားများနှင့် ဆက်လက်ဆောင်ရွက်လျက်

ရှိပါသည်။ ဤမြေအသုံးချရေးမူဝါဒကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ၊ ၃၀ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ထို့ပြင် ပုဒ်မ ၇ အပိုင်း (ဃ)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါနိုင်ငံသားများ၏ ကိုယ်ပိုင်လုပ်ကိုင်ခွင့်နှင့် စုပေါင်းလုပ်ကိုင်ခွင့်များကို အသိအမှတ်ပြုကာကွယ်ပေးရန်တို့ပါဝင်ပါသည်။ ထို့အပြင် အစိုးရဝန်ထမ်းများ၏တာဝန်နှင့် စပ်လျဥ်း၍လည်း "ပုဒ်မ (၆၈) အရ တိုင်းရင်းသားလူမျိုးစုများ ရိုးရာထုံးတမ်းစဥ်လာအရ လုပ်ကိုင်လျက်ရှိသော မြေများသည် သစ်တောမြေ သို့ လယ်ယာမြေ သို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတို့တွင် အကျုံးဝင်လျက်ရှိပါက ...... မှတ်တမ်းနှင့် မြေပုံများတွင် ဖော်ပြထားခြင်း ရှိသည်ဖြစ်စေ၊မရှိသည်ဖြစ်စေ မှတ်ပုံတင်ထားခြင်းရှိသည်ဖြစ်စေ၊မရှိသည်ဖြစ်စေ မြေအသုံးချလျက်ရှိသည့် တိုင်းရင်းသား လူမျိုးစုများ၏ ရိုးရာအခွင့်အရေးများ၊ မြေအသုံးချမှုနှင့် မြေယာလုပ်ပိုင်ခွင့်အရေးတို့ကို အသိအမှတ်ပြု ကာကွယ်ရမည်" ဟု ညွှန်ကြားထားသည်။ ပုဒ်မ(၇၀)တွင် လည်း " စိုက်ပျိုးမြေသို့မဟုတ် သစ်တောမြေအဖြစ် မြေလွတ်မြေလပ် နှင့်မြေရိုင်း အဖြစ်သတ်မှတ်ထားသည့် မြေပေါ်တွင် အလှည့်ကျအနားပေးတောင်ယာမြေများနှင့် စပ်လျဥ်း၍ ရိုးရာမြေအသုံးချမှု အခွင့်အရေးကို မှတ်ပုံတင်နိုင်ရေးအတွက် အမျိုးသားမြေဥပဒေသစ်တွင်ပြဋ္ဌာန်းရမည်။" ဟု ပါရှိသည်။ သို့ရာတွင် ဤမူကြမ်းတွင်အများစုပေါင်းပိုင်ဆိုင်သည့်မြေကိစ္စများမပါဝင်ပဲဖြစ်နေပါသည်။ သက်ဆိုင်ရာပါဝင်သူများနှင့် ဆွေးနွေးရမည်ကို မူဝါဒတစ်ခုလုံးတွင်ဖော်ပြထားခြင်းများရှိသော်လည်း၊ တစ်နေရာတွင်သာ ကြိုတင်အကြောင်းကြား ညှိနှိုင်းသဘော တူညီမှုယူရမည်ဟုတနေရာတွင်သာဖော်ပြထားပါသည်။ ပုဒ်မ၃၃(စ)တွင်မြေဈေးများကစားခြင်းနှင့် မြေလက်ဝါးကြီးအုပ်မှုများကြောင့် ဖြစ်ပေါ်လာသောပြဿနာများကို ဖြေရှင်းရန် FPIC နှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးများအပေါ် သက်ရောက်မှုများကိုစမ်းစစ်မှုများပြုလုပ်သင့်ကြောင်းဖော်ပြထားသည်။ သို့ရာတွင် FPIC အား တိုင်းရင်းသားများအတွက်သာဟု သီးသန့်ဖော်ပြထားခြင်းမျိုးမဟုတ်ပါ။ ယင်းထဲတွင် သုံးနှုန်းထားသော စကားလုံးများမှာ တိကျသေချာမှုမရှိပါ။ ဥပမာအားဖြင့် ပေါ်လစီထဲတွင် မြေဈေးကစားမှုနှင့်မြေလက်ဝါးကြီးအုပ်သည် ဆိုသော အဓိပ္ပါယ်များကို ရှင်းပြထားခြင်း မရှိပါ။ ထို့ကြောင့် ၎င်းတို့မည်သို့ ကျင့်သုံးမည်ဖြစ်သည်ကို ရှင်းလင်းမှုမရှိပါ။ FPIC နှင့် ESIA များကို မည်သည့်အချိန်တွင် အသုံးချသင့်သည်ဆိုသည်ကို ရှင်းရှင်းလင်းလင်းဖော်ပြထားခြင်းမရှိပါ၊ ထို့အတူ EIA လုပ်ငန်းလုပ်စဥ် အသစ်မှာလည်း တစ်သမတ်တည်း ရှေ့နောက်ညီညွတ်ခြင်းများမရှိပါ။

အမျိုးသားမြေယာအသုံးပြုမှု ပေါ်လစီပြဋ္ဌာန်းခြင်းသည်ပထမခြေလှမ်းအနေဖြင့် မူကြမ်းရေးဆွဲခြင်း၊ မြေဥပဒေသစ်ထုတ်ပြန်ခြင်းတို့နှင့်ဆက်စပ်မှုရှိပါသည်။ သို့ရာတွင်မြေယာဥပဒေ၏ရမှတ်များကို ပြန်လည်သုံးကြည့်ရှု သုံးသပ်ရမည်ဖြစ်ပြီး လွှတ်တော်အသစ်မှ ပြဋ္ဌာန်းသွားမည့် ပေါ်လစီများနှင့်ကိုက်ညီမှု ရှိစေရန် ရွေးချယ်ထားသည်များကို မြေဥပဒေအသစ်တွင် တွေ့ရှိနိုင်မည်ဟု ယူဆရသည်။ ဤဥပဒေမှ တိုင်းရင်းသားများနှင့် ဌာနေတိုင်းရင်းသားများအတွက် ဓလေ့ထုံးတမ်းနှင့် ညီသောမြေယာများနှင့်စုပေါင်းဆောင်ရွက်ခွင့်ရသောမြေယာများကို ကာကွယ်ခြင်းဥပဒေများပါရှိပြီး လယ်ယာစိုက်ပျိုးရန် မြေလွတ်များကို အသိအမှတ်ပြုပါသည်။ ဤပြဋ္ဌာန်းချက်များသည် ဌာနေတိုင်းရင်းသားအတွက် လုံလောက်စွာ ကာကွယ်ပေးနိုင်ခြင်းရှိ မရှိခြင်းကို စောင့်ကြည့်ရမည်ဖြစ်ပါသည်။

**ဌာနေတိုင်းရင်းသားအမျိုးသမီးများနှင့် မြေနှင့်စပ်လျဉ်းသော ရပိုင်ခွင့်များ**

၁၉၉၇ ခုနှစ်က မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်း ပပျောက်ရေး စာချုပ် ဖြစ်သော UN Convention on the Elimination of Discrimination against Women (CEDAW) စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဤစာချုပ်ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် အမျိုးသမီးများအား မြေနှင့် အခြားသယံဇာတများကိုတန်းတူညီမျှစွာပိုင်ဆိုင်နိုင်သောအခွင့်အရေးရှိပါသည်။သို့သော်လည်းလက်တွေ့တွင်မူမြန်မာနိုင်ငံ ၌ အမျိုးသမီးများသည် မြေပိုင်ဆိုင်ခွင့်၊သယံဇာတများပိုင်ဆိုင်ခွင့်များ အပါအဝင် အခြားကဏ္ဍအများတွင် ခွဲခြား ဆက်ဆံခြင်းများ ခံနေကြရပါသည်။ မြေအသုံးချရေးမူဝါဒ၏ အပိုင်း (၉ ) တွင်မူ မြေယာကိစ္စများတွင် ကျားမ မရွေး တန်းတူညီမျှမှုရှိသည်ဟုဖော်ပြထားပါသည်။ သို့ရာတွင်ယခုအချိန်အထိမူ မျှော်မှန်းဆဲသာဖြစ်ပါသည်။ ဌာနေတိုင်းရင်းသား အမျိုးသမီးများမှာလည်း ယင်းသို့ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ကျင့်သုံးနေသော ခွဲခြားသောဆက်ဆံရေး၏ ဒဏ်ကို ခံနေရကြရသည်။ သို့ရာတွင် လူမျိုးနွယ်စုတစ်ခုချင်း အလိုက်မှုကွဲပြားခြားနားပါသည်။ အချို့က ကျားမ မရွေးတန်းတူ အခွင့်အရေးရှိသော်လည်းအချို့ကမပေးကြပါ။အမျိုးသမီးများအနေနှင့်နေရာဒေသယဉ်ကျေးမှုအစဉ်အလာ၊ ဘာသာစကား နှင့် စာတတ်မြောက်မှုစသော ကန့်သတ်ချက်များ ကြောင့်လည်း မြေပိုင်ဆိုင်မှုများပေါ်တွင် သက်ရောက်မှုများရှိနေပါသည်။ ဌာနေတိုင်းရင်းသား အမျိုးသမီးအများစုမှာ မြေယာပိုင်ဆိုင်မှု နှင့် သက်ဆိုင်သော စာရွက်စာတမ်းများ လက်ဝယ် မရှိကြပါ။ မိမိ၏ခင်ပွန်းသည်ထံတွင်စာရွက်စာတမ်းများ လက်ဝယ်ရှိနေသော်လည်းအမျိုးသမီး၏အမည်မှာ ယင်းစာရွက်စာတမ်းများ ပေါ်၌ ဖော်ပြထားခြင်းမရှိသည်ကိုလည်းတွေ့ရှိရပါသည်။အမွေဆက်ခံပိုင်ခွင့်မရှိသည်လည်း ဖြစ်တတ်ပါသည်။ အထက်ပါ အကြောင်းခြင်းရာများသည် ကာယကံရှင်အမျိုးသမီးများအတွက်သာမက ဌာနေတိုင်းရင်းသား အမျိုးသမီးများနှင့် တွေ့ထိပြီး ဆက်ဆံရသည် ကုမ္ပဏီများကပါ အထူးသတိထားရမည့်အချက် ဖြစ်ပါသည်။

**၅။ ကုမ္ပဏီများ ရင်ဆိုင်ရမည့်စိန်ခေါ်မှုများနှင့် သတိပြုရန်အချက်များ**

မြန်မာနိုင်ငံ၏ ဌာနေတိုင်းရင်းသားများနေထိုင်ရာဒေသများတွင်ရင်းနှီးမြှုပ်နှံမှုပြုကြမည့် ကုမ္ပဏီများအဖို့ ရင်ဆိုင် ရမည့် စိန်ခေါ်မှုများအများအပြားရှိပါသည်။ ယင်းစိန်ခေါ်မှုများကို မြန်မာနိုင်ငံ၏ အခြားဒေသများတွင်လည်း ရင်ဆိုင်ရနိုင် ဖွယ်ရှိသော်လည်း တိုင်းရင်းသား ဒေသများတွင် ပိုမို၍ ခက်ခဲမှုရှိနိုင် ပါသည်။

**ယုံကြည်မှုမရှိခြင်း**

မြန်မာနိုင်ငံတွင် အကျိုးစီးပွားပါဝင်ပတ်သက်နေသူများနှင့် တွေ့ဆုံဆွေးနွေးရသည်မှာ အကြောင်းအမျိုးမျိုး ကြောင့်ခက်ခဲပါသည်။ အစိုးရအနေဖြင့်ကုမ္ပဏီများနှင့် ဒေသခံလူအဖွဲ့အစည်းများအကြား ကြားခံ ဆက်သွယ်ပေးသူအဖြစ် တောက်လျှောက်ခံယူကျင့်သုံးခဲ့ပါသည်။ လွတ်လပ်စွာပြောဆိုခွင့် စုဝေးခွင့်များကိုလည်း ဆယ်စုနှစ်ပေါင်းများစွာ ပိတ်ပင်

ထားခဲ့ပါသည်။ ထိုကြောင့် ပြည်သူများ အနေဖြင့် ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးရာတွင် ပွင့်လင်းစွာပြောဆိုရန် မဝံမရဲဖြစ်ကြပါသည်။ အချို့မှာ ကြောက်နေကြပါသည်။ အထူးသဖြင့် ဌာနဆိုင်ရာများပါရှိလျှင် ပိုမိုတုံ့ဆိုင်းကြပါသည်။

ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပဋိပက္ခများဖြစ်နေသော နေရာဒေသများတွင်ဆိုလျှင် ဗမာဆိုလျှင်မယုံကြည်ကြပါ။ ရန်ကုန်အခြေစိုက်ကုမ္ပဏီဝန်ထမ်းများ ၊အကြံပေးပုဂ္ဂိုလ်များအနေဖြင့် ဒေသခံတို့၏သဘောထားများကို သိရှိရန်လည်းကောင်း၊ အစိုးရနှင့်စီးပွားရေးလုပ်ငန်းများ အပေါ်သိသာသောမတူကွဲပြားသည့် ခံယူမှုအမြင်များ ရှိနေသည် ကိုလည်းကောင်း၊ နားလည်သဘောပေါက်ရန် အခက်အခဲများ ရှိပါသည်။ ဘာသာစကားမပေါက်ရောက်မှုကလည်း အခက်အခဲဖြစ်စေပါသည်။

## ပွင့်လင်းမြင်သာမှုမရှိခြင်း

ယေဘူယျအားဖြင့် အစိုးရလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှု အားနည်းပါသည်။ ယခုအခါတွင် တရားဝင်သတင်းအချက်အလက်များကို အစိုးရကထိန်းချုပ်ထားသော မီဒီယာ စာနယ်ဇင်းများ၊ သမ္မတရုံးနှင့် ဝန်ကြီးဌာနများ၏ အင်တာနက်စာမျက်နှာများမှနေ၍ တဖြည်းဖြည်း စတင်ရရှိနေပါပြီ။ သို့ရာတွင် ယင်းရရှိသော သတင်းအချက်အလက်များမှာ ပြည့်စုံခြင်းမရှိပါ။ အထူးသဖြင့် ဒေသန္တရအဆင့်နှင့် တရားမဝင် စီးပွားရေးလုပ်ငန်းမျိုးများဖြစ်သော အသေးစားသတ္တုတူးဖော်မှု လုပ်ငန်းများစသည့်အကြောင်းအရာ မသိရှိနိုင်ပါ။ အမှန်တွင် ဒေသဆိုင်ရာ အစိုးရဌာနများရော အစိုးရ မဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများကပါ မိမိတို့ထိန်းချုပ်က နယ်မြေဒေသအတွင်း ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများ နှင့် လာရောက်လုပ်ကိုင်မည့် စီးပွားရေးများ အကြောင်းကို ဒေသခံများကို ထုတ်ဖော် ပြောကြားခြင်း မရှိပါ။ ယခုမကြာမီထွက်ပေါ်လာဖွယ်ရာရှိသည့် သဘာဝပတ်ဝန်းကျင် အပေါ်သက်ရောက်မှုများ ကိုဆန်းစစ်သည့် အစီရင်ခံစာပါလုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ကိုင်ရန်လိုအပ်လာတော့မည်ဖြစ်ရာ ယင်းအချိန် တွင်အစိုးရအဖွဲ့အစည်းများ အပါအဝင် စီးပွားရေးလုပ်ငန်းများအနေဖြင့် ယခုထက်ပိုမို၍ သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း ပြုမပြုကို စောင့်ကြည့်ရပါမည်။ လက်ရှိအချိန်တွင်မူ အရပ်ဘက်လူ့အဖွဲ့အစည်းများ နှင့် အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများက ဤလစ်လပ်နေသော နေရာတွင်ဝင်ရောက်တာဝန်ယူ နေကြရပါသည်။

ဦးသိန်းစိန်အစိုးရသည် Extractive Industries Transperancy Initiative (EITI) ခေါ် သယံဇာတတူးဖော်ထုတ်လုပ်သော စီးပွားရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိစေအဖွဲ့၊ Open Government Partnership အဖွဲ့တို့တွင် အဖွဲ့ဝင်ဖြစ်ရန်စတင်ဆောင်ရွက်ခဲ့သည်။ ဤသို့အဖွဲ့ဝင်ဖြစ်လာခြင်းဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းများအနေဖြင့် အစိုးရနှင့်ကုမ္ပဏီများအား ပိုမိုပွင့်လင်းသောထိတွေ့ခွင့်များရှိလာစေပါမည်။ သို့ရာတွင် ဤသို့ပွင့်လင်းစွာထိတွေ့ဆောင်ရွက်မှုများမှာ လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်ရှိရပါမည်။ ပြောင်းလဲမှုများအကောင်အထည် ပေါ်လာရေးမှာလည်း အစိုးရ ဖက်ကသာမဟုတ် သက်ဆိုင်သူများအားလုံး၏ သဘောထား အမြင်များပြောင်းလဲလာရ မည်ဖြစ်ပါသည်။

**ပြန်လည်ကုစားမည့်နည်းလမ်းများမရှိခြင်း**

မြန်မာနိုင်ငံတွင် ပြန်လည်ကုစားမည့် နည်းလမ်းများကိုလက်လှမ်းမီရန် အလွန်ခက်ခဲ ပါသည်။ အခုအချိန်တွင် မြန်မာနိုင်ငံရှိ ကုမ္ပဏီအနည်းငယ်တွင်သာ မကျေနပ်ချက်များနစ်နာမှုများကို ဖော်ထုတ်တိုင်တန်းနိုင်သော ယန္တရားစနစ်ရှိပါသည်။တရားရေးမဏ္ဍိုင် အနေဖြင့်လည်း ဤအခြေအနေများကိုဖြေရှင်းပေးနိုင်မည့် အနေအထားမရှိပါ။ တရားစီရင်ရေးတွင် အဂတိလိုက်စားမှုသည် ကြီးမားသောပြဿနာဖြစ်ပါသည်။ လာဘ်ပေးလာဘ်ယူမှုအချိန်ဆွဲမှု၊ တရားစီရင်ရေးကိုနှောင့်ယှက်မှုစသောကိစ္စများကြောင့် ပြည်သူက တရားရုံးများသည် အကျင့်ပျက်နေသည်၊ တရားမျှတမှုမရှိဟု ယုံကြည်ကြသည်။

ထို့အပြင် အစိုးရဝန်ထမ်းများအနေဖြင့် တင်ပြတိုင်တန်းမှုများကို ထိထိရောက်ရောက်အပြုသဘောဖြင့် ဖြေရှင်းနိုင်မှုအားနည်းကြပါသည်။အချို့ဌာနေတိုင်းရင်းသားဒေသများတွင် ပုဂ္ဂလိကကဏ္ဍနှင့်ဒေသခံ ပြည်သူလူထုအစုအဖွဲ့များအကြား ကြားဝင်ဖြေရှင်း ဆောင်ရွက်ပေးနိုင်သော အတွေ့အကြုံရှိပြီး လုပ်ငန်းစွမ်းဆောင်ရည်ရှိသော အဖွဲ့အစည်းများမရှိဖြစ်နေ ပါသည်။

ထို့ကြောင့်ယင်းဒေသမှ ပုဂ္ဂိုလ်များသည် မိမိတို့ဒေသရှိလူအများလည်း လွယ်ကူမှုရှိပြီး ငွေကြေးအကုန်အကျသက်သာသည့် ပဋိပက္ခဖြေရှင်းရေးနည်းလမ်းများကို အသုံးပြုလာသည်။ ဤဒေသခံ ပဋိပက္ခဖြေရှင်းရေးအဖွဲ့များတွင် လူအများလေးစားယုံကြည်သော ကျေးရွာခေါင်းဆောင်များ(သို့) သက်ကြီးကောင်စီစသည်များပါဝင်သည်။ ကျေးရွာခေါင်းဆောင်များအနေဖြင့် ကြီးမားသောရာဇဝတ်အမှုအခင်းများဖြစ်ပေါ်လျှင် သက်ဆိုင်ရာ ရဲတပ်ဖွဲ့ကို အကြောင်းကြားရန်တာဝန်ရှိသော်လည်း အမှုအသေးအဖွဲများကို အချင်းချင်း ညှိနှိုင်း ဆွေးနွေးပေးခြင်းဖြင့် ပြဿနာများကိုဖြေရှင်းလေ့ရှိသည်။ သို့ရာတွင် ဤသို့ကျေးရွာအဆင့် ပဋိပက္ခဖြေရှင်းရေး နည်းလမ်းများမှာ အစိုးရသို့မဟုတ် ကုမ္ပဏီကြီးများ ပါဝင်လာလျှင် မလွယ်ကူတော့ပါ။ အထူးသဖြင့် နေပြည်တော်နှင့် အဆက်အသွယ်ရှိသော ကုမ္ပဏီကြီးများ ပါဝင် ပါတ်သက်နေလျှင် ပို၍ မလွယ်ကူတော့ပါ။

ဤသို့ နယ်မြေခံလူ့အဖွဲ့အစည်းများနှင့် ကုမ္ပဏီများအကြား ထိရောက်သောတွေ့ထိဆက်ဆံမှုမရှိခြင်းနှင့် တရားဥပဒေကြောင်း အရလည်းကောင်း၊ အခြားနည်းများအရလည်းကောင်း မိမိတို့၏ စားဝတ် နေရေးကို ထိခိုက်လာနိုင်မှုများနှင့် စပ်လျဉ်း၍ တိုင်တန်းဖြေရှင်းပေးမည့်အနေအထားများ မရှိခြင်းတို့ကြောင့်လည်းကောင်း ဒေသခံများနှင့်ကုမ္ပဏီများအကြား တင်းမာမှုများဖြစ်ပေါ်စေသည်။ ဥပမာ ကချင်ပြည်နယ် ဧရာဝတီမြစ်ဆုံဆည်စီမံကိန်း ကိစ္စသည်သက်သေဖြစ်သည်။ ဌာနေတိုင်းရင်းသားများသာမက တစ်နိုင်ငံလုံးရှိ ပြည်သူများပါ ဝိုင်းဝန်းကန့်ကွက်ကြသဖြင့် သမ္မတကြီးဦးသိန်းစိန်က ၂၀၁၁ခုနှစ် စက်တင်ဘာလက ယင်းစီမံကိန်းကို ရပ်ဆိုင်းပေးခဲ့ရသည်။ လက်ရှိအချိန်တွင်လည်း ရှမ်း၊ ကရင်နှင့် မွန်ဌာနေတိုင်းရင်းသားများက ရှမ်းပြည်နယ်ရှိ သံလွင်မြစ်ပေါ်ရှိ မိုင်းတုံဆည် စီမံကိန်းအား ရပ်တန့်ရန်

လှုံဆော်နေကြသည်။ မြန်မာနိုင်ငံ အရှေ့တောင်ဖက်ရှိ ထားဝယ်အထူးစီးပွားရေးဇုံတွင်လည်း ဒေသခံထားဝယ် ၊ ကရင် နှင့် အခြားဒေသခံပြည်သူများကတစ်ဖက် ထိုင်းနှင့်မြန်မာအစိုးရများ ကုမ္ပဏီများကတစ်ဖက် အခြေအတင်ဆွေးနွေးနေကြသည်။

ထို့ကြောင့်လုပ်ငန်းခွင်အဆင့်၊နစ်နာမှုများဖြေရှင်းရေးယန္တရား-ကုမ္ပဏီအဆင့်ဒေသတွင်း၌ပင် ဌာနေတိုင်းရင်းသားတို့၏ စိုးရိမ်မှုများနှင့်တင်ပြချက်များကို ဖြေရှင်းပေးနိုင်မည့် ယန္တရားတစ်ခု၊ အခြေအနေတစ်ခုဖန်တီးပေးရန်မှာ မြန်မာနိုင်ငံအတွက် အထူးပင်လိုအပ်လျက်ရှိပါသည်။ ဝေးလံသောကုမ္ပဏီရုံးချုပ်မှမဟုတ်ပဲ အောက်ခြေနှင့်ထိတွေ့ပြီး ပြဿနာဖြေရှင်းနိုင်မှုသည် အခြားနည်းလမ်းများဖြင့် ဖြေရှင်း၍ မရနိုင်သည့် မြန်မာနိုင်ငံကဲ့သို့ အနေအထား တွင် အထူးလိုအပ်နေပါသည်။

**နိုင်ငံတော်အနေဖြင့် ဌာနေတိုင်းရင်းသားများအားအသိအမှတ်ပြုမှုမရှိခြင်း**

အထက်တွင် မြန်မာနိုင်ငံ၌ ဌာနေတိုင်းရင်းသားများဟု သတ်မှတ်သော စံနှုန်းများကို စနစ်တကျ ဖော်ထုတ်ခြင်း ယင်းတို့၏စုပေါင်းရပိုင်ခွင့်များနှင့်စပ်လျဉ်း၍လည်းကောင်း ဥပဒေကြောင်းအရစနစ်တကျ အသိအမှတ်ပြုထားခြင်း မရှိကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဌာနေတိုင်းရင်းသားများနှင့် စပ်လျဉ်း၍ ရုံးတွင်းစာရွက်စာတမ်းအချို့နှင့် တိုင်းရင်းသားလူမျိုးများအခွင့်အရေးကာကွယ်သည့် ဥပဒေပုဒ်မ (၅) ၌သာ ယေဘူယျ ဖော်ပြထားပါသည်။

ဤသို့ အစိုးရ၏ဥပဒေများတွင် အတိအလင်းဖော်ပြမထားသော်လည်း ကုလသမဂ္ဂ၏စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေး ဆိုင်ရာ (UN Guiding Principles and Human Right) လမ်းညွှန်စည်းမျဉ်းများအပိုင်း (၃) တွင် နိုင်ငံတကာက အသိအမှတ်ပြုထားသော လူ့အခွင့်အရေးဆိုင်ရာရပိုင်ခွင့်များကို ကုမ္ပဏီများအနေဖြင့် လိုက်နာရန်ဖော်ပြထားသည်။ ယခင်တစ်ချိန်က ကုလသမဂ္ဂ၏ဌာနေတိုင်းရင်းသားများဆိုင်ရာ အထူးကိုယ်စားလှယ်တစ်ဦးပြောကြားခဲ့သည်မှာ "နိုင်ငံတစ်နိုင်ငံ၏ ဥပဒေကို ကုမ္ပဏီများကလိုက်နာခြင်းသည် ဌာနေတိုင်းရင်းသားများ၏ နိုင်ငံတကာ စံနှုန်းများအတိုင်း ရရှိရမည့် ရပိုင်ခွင့်များကို လိုက်နာ အကောင်အထည်ဖော်ပြီး ဖြစ်သည်ဟုယူဆ၍ မရကြောင်း ဤတာဝန်သည် အထူးသဖြင့် UNDRIP ၏ ပြဋ္ဌာန်း ချက်များကိုပါ လေးစား လိုက်နာကာ ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးရပိုင်ခွင့်များကိုပါ လေးစားလိုက်နာရန် တာဝန်ရှိကြောင်း" ဟု ဆိုလိုပါသည်။ ဤနေရာတွင် တိုင်းရင်းသားများထံမှ လွတ်လပ်စွာကြိုတင်အသိပေး၍ သိရှိပြီးဖြစ်သော သဘောတူညီမှု (FPIC) ရရှိရန်ကိစ္စကို အလေးထား ဆောင်ရွက်ရန် ဆိုလိုပါသည်။

**လွတ်လပ်စွာကြိုတင်အသိပေး၍ သိရှိပြီးဖြစ်သောသဘောတူညီမှု (FPIC) လိုအပ်ကြောင်း နိုင်ငံတော်ဖက်မှ ပြဋ္ဌာန်းချက်မရှိမှု။**

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဤသို့ကြိုတင်သဘောတူညီချက်ကိုရယူရန် မြန်မာနိုင်ငံတွင် ဥပဒေ သတ်မှတ်ချက်မရှိပါ။ ဌာနေတိုင်းရင်းသား ကိုယ်စားလှယ်များနှင့် ဆွေးနွေးရာတွင် ပုဂ္ဂလိက စီမံကိန်းများနှင့် စပ်လျဉ်း၍ ယင်းတို့က ဤသို့ကြိုတင် သဘောတူညီချက် ရယူခြင်းမရှိသည် သာမက တစ်ခါတစ်ရံတွင် ပြည့်ပြည့်စုံစုံလည်း မသိရ၊ ဆွေးနွေးမှုပင်မရှိတတ်ဟုပြောပြကြသည်။ ဌာနေတိုင်းရင်းသားများ၏ ပြောဆိုချက်များအရ ယင်းသို့တွေ့ဆုံဆွေးနွေး ရာ၌လည်း စီမံကိန်း၏ အားသာချက်များကိုသာ ဦးစားပေးတင်ပြကြကြောင်းသိရှိရသည်။ အခြားသိရှိလိုသော သက်ဆိုင် သည့် အချက်အလက်များကို ထည့်သွင်းပြောကြားခြင်း မရှိဟုဆိုကြသည်။

သို့ရာတွင် ၂၀၁၅ခုနှစ် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ (၅) တွင် တိုင်းရင်းသားလူမျိုးများ၏ ဒေသအတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ သဘာဝသယံဇာတထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါကစီမံကိန်း အကြောင်းအရာ များကို သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများအား ပြည့်စုံတိကျစွာ ကြိုတင်ချပြ အသိပေး ညှိနှိုင်းဆောင်ရွက် ရမည်ဟုပါရှိပါသည်။ ဤစာပိုဒ်မှာ နောက်ပိုင်းမှ ထပ်တိုးထည့်လိုက်ခြင်းဖြစ်ကာ စမ်းသပ် မှုတော့မရှိသေးပါ။

**သဘောတူညီရရှိအောင်မည်သို့ဆောင်ရွက်ရမည်ဆိုသောလုပ်ငန်းစဉ်မရှိခြင်း**

မြန်မာနိုင်ငံတွင် FPIC ဆိုသော ဝေါဟာရမှာ လူသိနည်းပြီး အငြင်းအခုံဖြစ်နေရသော ဝေါဟာရဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်သာမကအခြားတိုင်းပြည်များတွင်လည်း ဤကဲ့သို့ပင်ဖြစ်ပေါ်နေပါသည်။ ယခုကာလတွင် အရပ်ဘက် လူ့အဖွဲ့အစည်းများအနေဖြင့် ဤဝေါဟာရကို အတော်အသင့် နားလည်သဘောပေါက်လာကြပြီဖြစ်ပါသည်။ သို့ရာတွင် လက်တွေ့နယ်ပယ်တွင် စမ်းသပ်မှုမပြုရသေးပါ။ မည်သည့်အစုအဖွဲ့က သဘောတူပေးရမည်။ မည်သည့်အစုအဖွဲ့က သဘောမတူကြောင်းပြသရမည်ကိုမကွဲကြသေးပါ။ဤလုပ်ငန်းစဉ် အကြောင်း၊ မည်သူတို့ ပါဝင်မည်။ မည်သည်အချက်များ ပါဝင်ရမည်ကို သေချာမသိရှိသေးပါ။ တိုင်းရင်းသား အစုအဖွဲ့များဖြင့် ဖွဲ့စည်းထားသော ပြည်သူလူထု အခြေပြု အဖွဲ့အစည်းများအနေဖြင့် အထက်ပါပုဒ်မ(၅)အား မည်သို့အကောင်အထည်ဖော်ရမည်ကို စတင်စဉ်းစားနေကြပြီဖြစ် ပါသည်။ဖြစ်နိုင်ခြေရှိသည်မှာ ဤကိစ္စနှင့်စပ်လျဉ်းပြီး မိမိတို့အချင်းချင်း သော်လည်းကောင်း အစိုးရ နှင့်သော်လည်းကောင်း သဘောထား မတူညီမှုများ ရှိလာနိုင် ပါသည်။

အုပ်ချုပ်ရေးနယ်နိမိတ်များသည် ဌာနေတိုင်းရင်းသားများ၏ လူဦးရေကို ရောင်ပြန်ဟပ်ခြင်းမရှိပါ။ သို့သော်လည်း ပဲ ဖွဲ့စည်းပုံမှာ ဤနိုင်ငံတော်အုပ်ချုပ်ရေး နယ်နိမိတ်များကိုပြောင်းလဲဖို့ ဖော်ပြထားပါသည်။ အချို့ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လူမျိုးပေါင်းစုံအတူတကွ ယှဉ်တွဲနေထိုင်လျက်ရှိကြသည်။ ဤသို့နေထိုင်နေကြသည့်

လူအုပ်စုများအတွင်း အချို့က မိမိတို့ဘာသာ ဌာနေတိုင်းရင်းသားများအဖြစ်သတ်မှတ်နိုင်သည်။ ၂၀၁၄ခုနှစ် လူဦးရေ သန်းခေါင်းစာရင်းမှာ ဝိဝါဒ ကွဲပြားမှု များရှိနေ၍ မထုတ်ပြန်နိုင်သေးပါ။ ထို့အပြင် ယင်း သန်းခေါင်စာရင်းပါ လူမျိုး ၁၃၅ မျိုး ဆိုသည်မှာလည်း မှန်ကန်ခြင်းရှိမရှိ ဆိုသည့်အချက်မှာ အငြင်းပွားဖွယ်ရာ ဖြစ်နေပါသည်။

ကုမ္ပဏီများအနေဖြင့်မူ မည်သူက ဌာနေတိုင်းရင်းသားဖြစ်သည်ဟု မိမိတို့ကိုယ်တိုင် ဖော်ထုတ်သတ်မှတ်သည်ဖြစ်စေ၊ မသတ်မှတ်သည်ဖြစ်စေ လူအစုအဖွဲ့အားလုံးနှင့် တွေ့ဆုံညှိနှိုင်းရပါမည်။ ဥပမာ တိုင်းရင်းသား အမည်ပေါက် ပြည်နယ်များတွင် နေထိုင်သော ကချင်ပြည်နယ်မှ ရှမ်းလူမျိုးများ၊ ရှမ်းပြည်နယ်တွင် နေထိုင်သော ပအို့ဝ် လူမျိုးများ၊ ရှမ်းပြည်နယ်တွင် နေထိုင်သော မွန်လူမျိုးများစသည်ဖြင့် ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် ယင်းသို့ အခြားအမည်ပေါက် ပြည်နယ်များတွင်နေထိုင်ကြသော အခြားမျိုးနွယ်စုများမှာ လူဦးရေအတော်အသင့် များနေသည်ကိုပင်တွေ့ရတတ် ပါသည်။ ရခိုင်ပြည်နယ်မှာမူ ထူးခြားသည့် သဘောများရှိနေပါသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်များနှင့် မူဆလင်များအကြား တင်းမာမှုများရှိပြီး ကုမ္ပဏီများက ယင်းတို့၏ ရွှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ မူဆလင်များနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပါက ဗုဒ္ဓဘာသာဝင်များက မနှစ်သက် သည်ကို ကြုံတွေ့ နိုင်ပါသည်။

တဖန်အချို့တိုင်းရင်းသားများသည် ဒေသခံဌာနေတိုင်းရင်းသား ဟုတ်သည်ဖြစ်စေ၊မဟုတ်သည်ဖြစ်စေ မိမိတို့ ဇာတိမြေတွင် မနေထိုင်ကြသော်လည်း ယင်းဇာတိမြေနှင့် သံယောဇဉ်ဆက်စပ်မှုများရှိတတ်သည်။ ဥပမာ ကရင်လူမျိုးများ သည် မြန်မာပြည် အနှံ့အပြားတွင် နေထိုင်ကြသည်။ သို့သော်လည်း ကရင်ပြည်နယ် ယဉ်ကျေးမှုနှင့်ဆိုင်သော ဖွံ့ဖြိုးမှု စီမံကိန်းများတွင် ထိုသူတို့အား ဆွေးနွေးမှုများတွင်ပါဝင်နိုင်အောင် အသိပေးသင့်သည်။ ဥပမာ အထင်ကရ ဖွဲကပင်တောင် စီမံကိန်းများ ထို့အတူ ကချင်ပြည်နယ်ရှိ အရေးကြီးသော ဧရာဝတီမြစ်ဆုံစီမံကိန်း ကိစ္စတွင် ကန့်ကွက်လှုပ်ရှားမှုများကို လည်းတွေ့ရသည်။

**လက်နက်ကိုင်ပဋိပက္ခနှင့်လုံခြုံရေးပြဿနာများ**

မြန်မာနိုင်ငံမြောက်ပိုင်း၌ ဆက်လက်ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခများ အပါအဝင် မြန်မာနိုင်ငံ ရှိပဋိပက္ခများနှင့် အပစ်အခတ်ရပ်စဲရေးကိစ္စများသည် တိုင်းရင်းသား ရေးရာကိစ္စများမှ အခြေခံကြသည်။ လူဦးရေများသော ဗမာလူမျိုးများနှင့် တိုင်းရင်းသားများ အပြင် အချို့သောကိစ္စများတွင် တိုင်းရင်းသား အဖွဲ့အချင်းချင်းလည်း တိုက်ပွဲများ ဖြစ်ပွားနေသည်။ လက်နက်ကိုင်ပဋိပက္ခများ၊ လူမျိုးရေးပဋိပက္ခများသည် ပြည်နယ်(၇) ခုလုံးနှင့် တိုင်းဒေသကြီး (၇) ခုလုံးအနက် အချို့နေရာများတွင် ဖြစ်ပေါ်နေခြင်းကြောင့် ပြည်သူများ အန္တရာယ်ရှိနေသည်။ အစိုးရ ဖက်တော်သား လက်နက်ကိုင် ပြည်သူ့စစ်အဖွဲ့များ၊ အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့များ၊ ခွဲထွက်အဖွဲ့များ၊ ဒုစရိုက်ဂိုဏ်းများ စသည်ဖြင့် များပြားလှ၍ ဒေသခံပြည်သူပြည်သားများသည် နေ့စဉ်ပင် ကြောက်ကြောက်လန့်လန့်ဖြင့် နေထိုင်နေ

ကြရသည်။ အပစ်အခက်ရပ်စဲထားသည့် နယ်မြေများ မှာလည်း လုံခြုံရေးမရှိ။ မြေမြှုပ်မိုင်းများ၊ လက်နက်ငယ်များ အများအပြားရှိသည်။ သယံဇာတတူးဖော်မှုများ၊ သစ်ခုတ်ခြင်းစသော စီးပွားရေး လုပ်ငန်းများအပြင် အစိုးရ၏ ရေကာတာ တည်ဆောက်ရေးကဲ့သို့ စီမံကိန်းများကလည်း လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ရန် မောင်းနှင်နေပြန်သည်။

၂၀၁၁ခုနှစ် နောက်ပိုင်းပြုပြင်ပြောင်းလဲရေးများ လုပ်သည်ဆိုသော်လည်း ဒေသခံတိုင်းရင်းသားများမှ လူ့အခွင့်အရေးများကာကွယ်သူများ နှင့်ငြိမ်းချမ်းစွာဆန္ဒပြသူများမှာ ထောင်ချခံနေကြရသည်။ ၂၀၁၄-၂၀၁၅ ခုနှစ်များ အတွင်း အစိုးရကမြေယာကိစ္စများနှင့် စပ်လျဉ်းသည့်လှုပ်ရှားမှုပြုလုပ်သော သူများအပါအဝင် ဌာနေတိုင်းရင်းများကို ဖမ်းဆီးခဲ့သည်။ ၂၀၁၅ခုနှစ် ဩဂုတ်လအတွင်းက မြေယာကိစ္စများနှင့် စပ်လျဉ်းသောလှုပ်ရှားမှုများကို ခေါင်းဆောင်ခဲ့သည့် ကရင်အမျိုးသားတစ်ဦး၊ တောင်သူများနှင့် အခြားသောလှုပ်ရှားမှုပြုလုပ်သူ (၉) ဦး တို့ ကို ဖမ်းဆီးခဲ့သည်။

**မြေသိမ်းမှုများ၏ နောက်ဆက်တွဲများ**

မြန်မာနိုင်ငံတွင် လာရောက်အလုပ်လုပ်ကြသော ကုမ္ပဏီများ အဓိကရင်ဆိုင်ရသော ပြဿနာမှာ ယခင်ကာလ များကအစိုးရကသိမ်းယူခဲ့ သောမြေယာများနှင့်ပေးလျော်ခဲ့မှုများ လုံလောက်မှုမရှိခြင်းဖြစ်သည်။ အစိုးရအနေဖြင့် ယင်းပြဿနာကို အသိအမှတ်ပြု၍ ဖြေရှင်းရန်ချမှတ် ဆောင်ရွက်ခဲ့သော်လည်း လူပေါင်းများစွာမှာ ယင်းသို့မတရား မြေသိမ်းမှုများကြောင့် လယ်မဲ့ယာမဲ့များ ဖြစ်ကြရသည်။ အချို့ မြေယာများကို ပိုင်ရှင်များထံ ပြန်လည် လွှဲပြောင်းပေးပြီး ဖြစ်သော်လည်း အများစုမှာ စစ်တပ်အစိုးရနှင့် နီးစပ်သူများ လက်ထဲတွင်ပင်ရှိသေးသည်။ ဌာနေတိုင်းရင်းသား ဒေသများတွင် လက်နက်ကိုင် တိုက်ပွဲများလည်း ဖြစ်ပွားနေခြင်း၊ တောင်ပေါ်ဒေသများတွင် မြေပိုင်ဆိုင်မှုနှင့် စပ်လျဉ်းသော ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမရှိခြင်း(ခေါင်းစဉ် နံပါတ် ၄ သို့ကြည့်ပါ)၊ မူလပိုင်ရှင်များကိုလည်း မသိရှိရခြင်း စသည်များကြောင့် မြေအသိမ်းခံရမည့် အန္တရာယ်များဖြင့် ရင်ဆိုင်နေရပါသည်။ ထို့ကြောင့် ဤဒေသများတွင်လုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက အထက်ပါအခြေအနေများကို နားလည်ရမည့်အပြင် ဌာနေတိုင်းရင်းသား တို့၏ ရိုးရာရပိုင်ခွင့် များကိုပါ အသိအမှတ်ပြုရပါမည်။

**သဘာဝသယံဇာတများမှ အကျိုးအမြတ်များကို ခွဲဝေအကျိုးခံစားခွင့်မရှိခြင်း။**

မြန်မာနိုင်ငံတွင်သဘာဝသယံဇာတများနှင့် ယင်းတို့မှရရှိသော အကျိုးအမြတ်များကိုခွဲဝေပေးရန် ဖွဲ့စည်းပုံ အခြေခံဥပဒေထဲတွင်မပါရှိပါ။ ယင်းကိစ္စများကို ဖြေရှင်းရန်ကြိုးပမ်းမှုများလည်း မတွေ့ရပါ။ တိုင်းရင်းသားများနေထိုင်သော ဒေသများသည် သစ်တော၊ ကျောက်စိမ်း၊ ကျောက်မျက်ရတနာများနှင့် တွင်းထွက်သတ္တုစသည်များ ကြွယ်ဝသော ဒေသများဖြစ်ပါသည်။ ဤသယံဇာတများမှ ရရှိသောအကျိုးအမြတ်များကို ခွဲဝေပေးရေးသည် လက်နက်ကိုင်ပဋိပက္ခများ၏ အဓိကအကြောင်းတရား ဖြစ်နေသည်။

ဆက်လက်၍ တောင်ပေါ်ဒေသရှိ ဌာနေတိုင်းရင်းသားများအဖို့ မိဘ၊ ဘိုးဘွားပိုင်မြေများပေါ် တွင်လည်းကောင်း စုပေါင်းပိုင်မြေများပေါ်တွင်လည်းကောင်း၊ ပိုင်ဆိုင်မှုအထောက်အထားများမရှိ ခြင်း၊ မြေကြီးမြေပုံမရှိခြင်းတို့ကြောင့်လည်း အလွယ်တကူ မြေသိမ်းမှုများဖြစ်ပေါ်ရသည်။

ဌာနေတိုင်းရင်းသားအစုအဖွဲ့များအနေဖြင့် တာဝန်သိစွာ စီမံခန့်ခွဲကြသော ပုဂ္ဂလိကကဏ္ဍ စီးပွားရေးအဖွဲ့အစည်း၊ လုပ်ငန်းများထံမှ သင့်တော်သောစီးပွားရေးနှင့် လူမှုရေးအကျိုးခံစားခွင့် များရရှိသင့်ပါသည်။ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့်လည်း ဤကိစ္စများတွင် မည်ကဲ့သို့ဆောင်ရွက် သင့်သည်ကို နည်းလမ်းများရှာဖွေရပါမည်။ လွတ်လပ်စွာ ကြိုတင်အသိပေး၍ သိရှိပြီးဖြစ်သော သဘောတူညီမှု (FPIC) မှာတစ်နည်းဖြစ်ပါသည်။ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး ညှိနှိုင်းမှုများပြုလုပ်ရန်ဖြစ်ပါသည်။ ရှားပါးသောသဘာဝသယံဇာတများကို တူးဖော်ထုတ်လုပ် ရောင်းချခြင်းမှ ရရှိသော အကျိုးအမြတ်များကို ခွဲယူခြင်းအပေါ် မကျေနပ်မှုများ ရှိပါက မည်သည့် လူအဖွဲ့အစည်း ပင်မဆို သဘောထားကွဲလွဲမှုများ ရှိလာပါလိမ့်မည်။ ကုမ္ပဏီများ အနေဖြင့် ယင်းသို့ သဘော ထားကွဲလွဲမှုများရှိတတ်ကြောင်း သတိပြုကာ မိမိနှင့်တွေ့ထိ ဆက်ဆံရသော လူမှုအဖွဲ့အစည်းများ အထဲမှအမျိုးသမီးများလူငယ်များနှင့် အခြားအပစ်ပယ်ခံ အုပ်စုများ အပါအဝင် အားလုံးနှင့် သမားရိုးကျဆုံးဖြတ်ချက်ချမှတ်ရာတွင် အဓိကကျသောအဖွဲ့အစည်းများကိုပါ ထိတွေ့ဆက်ဆံမှုများ ဆွေးနွေးမှု များ ပြု လုပ်ရပါမည်။

**မနုဿဗေဒပညာရှင်များနှင့် လူမှုရေးရာအကာအကွယ်ပေးရေးဆိုင်ရာပညာရှင်များရှားပါးမှု**

မြန်မာနိုင်ငံသည် မနုဿဗေဒပညာရပ်များ မပြတ်လေ့လာနေသင့်သော နိုင်ငံတစ်ခု ဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများနှင့် ပတ်သက်သော ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများ သင်ယူနိုင်မှု အခွင့်အရေးမှာ အနည်းငယ်သာရှိသည်။ မြန်မာနိုင်ငံမှာ ဆယ်စုနှစ်ပေါင်းများစွာ အထီးကျန်ဖြစ်နေ၍လည်း နိုင်ငံတကာမှ မနုဿဗေဒပညာရှင်များအနေဖြင့် ကွင်းဆင်းသုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းများ မရှိခဲ့ပါ။ တက္ကသိုလ်များ တွင်လည်း အားကိုးလောက်နိုင်သော မနုဿဗေဒ ဌာနများ မရှိပါ။ လူမှုရေး သိပ္ပံပညာရပ်များကိုလည်း စစ်အုပ်ချုပ်ရေးနှင့် ဆိုရှယ်လစ်နိုင်ငံများကမနှစ်သက်ကြပါ။ ဌာနေတိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့၏အဖြစ်များကို လွတ်လွတ် လပ်လပ် ထုတ်ဖော်ပြောဆိုခွင့်မရှိ ဖြစ်ခဲ့ရသည်။ အထူးသဖြင့် လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားနေသော ဒေသများရှိ ပြည်သူများမှာပိုမိုခက်ခဲနေသည်။ ရှိနေသည့် သတင်းအချက်အလက်များမှာလည်း အရည်အချင်းပြည့်ဝသော မနုဿဗေဒပညာရှင်များက စုဆောင်းခဲ့သည့် အချက်အလက်များ မဟုတ်သည့်အပြင် နိုင်ငံရေးအရလိုသလိုဆွဲ၍ ရေး သားခဲ့သော သုတေသနပြုလုပ်ချက်များဖြစ်နေသည်။ ထို့အပြင်အချိန်အတော်အကြာအထိ နိုင်ငံတကာမှဖွံ့ဖြိုးရေး အကူအညီ များမရရှိခဲ့သည့်အပြင် လူမှုစီးပွားရေးဘဝများအပေါ် သက်ရောက်မှုများကို ဆန်းစစ်မှုများဆောင်ရွက်သည့် ကုမ္ပဏီစသည်များလည်းမရှိခဲ့ပါ။ ထို့ကြောင့် မြန်မာနိုင်ငံ၏ဌာနေတိုင်းရင်းသားများအကြောင်းနှင့် စပ်လျဉ်းသောအခြေခံ အချက်အလက်များကိုမသိရှိရပါ။ ကျွမ်းကျင်သောမြန်မာနှင့် နိုင်ငံခြားသား မနုဿဗေဒ ပညာရှင်များလည်း မရှိသလောက်

ဖြစ်ရပါသည်။ ထို့အပြင် ဌာနေတိုင်းရင်းသားများ အပါအဝင် ကျန်ပြည်သူပြည်သားများ အပေါ်ကျရောက်နိုင်သည် လူမှုရေး သက်ရောက်မှုများကို လိုအပ်သလို အကာအကွယ်ပြုပေးနိုင်ရန် အကြံပေးနိုင်သည့် လူမှုရေးရာပညာရှင်များလည်း မရှိ ဖြစ်နေပါသည်။ မြန်မာနိုင်ငံရှိ သက်ရောက်မှုဆိုင်ရာဆန်းစစ်သည့် ပညာရှင်များမှာလည်း အများအားဖြင့် သဘာဝ ပတ်ဝန်းကျင် အပေါ်သက်ရောက်မှုများကို လေ့လာရန်သာ ကျွမ်းကျင်ကြသူများဖြစ်ပြီး လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူ့အခွင့်အရေးများ အပေါ်သက်ရောက်မှုများ၊ ဌာနေတိုင်းရင်းသားများ အပေါ်သက်ရောက်မှုများနှင့် နိုင်ငံတကာ စံချိန်စံနှုန်းများကို သိရှိကြသူများ အလွန်ပင်နည်းပါး ပါသည်။

## ၆။ ကုမ္ပဏီများသို့ အကြံပြုချက်များ

မြန်မာနိုင်ငံ၌ ဌာနေတိုင်းရင်းသားဒေသများ၊ သို့မဟုတ် လက်နက်ကိုင် ပဋိပက္ခ များကြောင့်သော်လည်းကောင်း၊ အခြားအကြမ်းဖက်မှုများကြောင့်သော်လည်းကောင်း ဌာနေတိုင်းရင်းသား များမရှိတော့သည့်ဒေသများတွင် လုပ်ငန်း လုပ်ဆောင်ကြမည့် ကုမ္ပဏီများ သည် အောက်ပါတို့ကို သတိ ပြုရပါမည်။

### နယ်မြေသို့မလာရောက်မီ

- ဒေသရှိဌာနေတိုင်းရင်းသားများ အကြောင်းကိုသေအချာလေ့လာရန်။ အထူးသဖြင့် မိမိလုပ်ငန်းများကြောင့် တိုက်ရိုက် သက်ရောက်မှုများ ခံစားရမည့် အုပ်စုများအကြောင်းကို အဓိကလေ့လာရန်။
- လက်ရှိအခြေအနေနှင့် ယင်းအခြေများကို ဖြစ်ပေါ်စေသည် အခြေခံ အကြောင်းခြင်းရာ များကို သိရှိနိုင်ရန် ကျွမ်းကျင်သူများနှင့် ဆွေးနွေးပါ။ ဤသို့ဆွေးနွေးရာတွင် မိမိလုပ်ငန်း ကြောင့် ပဋိပက္ခများ၊ တင်းမာမှုများ ပိုမိုဖြစ်ပေါ်လာရန် ရှိမရှိကို ထည့်သွင်း ဆွေးနွေးပါ။ ပညာရှင်များအဖြစ် နောက်ဆက်တွဲစာရင်း (စာမျက်နှာ ၆၁) တွင် ဖော်ပြထားသော အဖွဲ့အစည်းများကိုပါ ဆက်သွယ် အကြံဉာဏ် တောင်းခံနိုင်ပါသည်။
- ဌာနေတိုင်းရင်းသားများနှင့် စပ်လျဉ်းသည့် လူမှုရေးရာနှင့် အခြားကိစ္စရပ်များကို စနစ် တကျ သုတေသနပြုလုပ်နိုင်ရန် အရည်အချင်းပြည့်ဝသော နိုင်ငံတကာပညာရှင်များကို တာဝန်ပေးပါ။ ယင်းတို့အား ပြည်တွင်းပညာရှင်များနှင့် တွဲဖက်ပေးခြင်းဖြင့် ပြည်တွင်း ပညာရှင်များ၏ အရည်အသွေးကိုလည်း မြင့်တင်ရာရောက်ပါသည်။
-

**သက်ဆိုင်ရာဒေသသို့ရောက်လျှင်ရောက်ခြင်းဆောင်ရွက်ရန်**

- ညှိနှိုင်းဆောင်ရွက်မှုကြောင့်သက်ဆိုင်ရာဒေသခံလူအဖွဲ့အစည်းများအတွက်အန္တရာယ်ဖြစ်စေရန် အကြောင်း မရှိလျှင်(ဤသို့ အခြေအနေရှိသည်ဆိုလျှင်လည်း မိမိ၏ရင်းနှီးမြှုပ်နှံမှုကို ထိခိုက်ဖွယ်ရှိကြောင်းနှင့် လူအခွင့်အရေးချိုးဖောက်မှု များရှိနိုင်သည်ကိုသိသာပါသည်။) သင့်တော်သောနည်းလမ်းများဖြင့် ဌာနေ တိုင်းရင်းသားလူအဖွဲ့အစည်းများသာမကဒေသရှိ အခြားကွဲပြားခြားနားသော လူအဖွဲ့အစည်းများအထူး သဖြင့် ဒေသခံလူထုကိုယ်တိုင်က သတ်မှတ်ထားသောကိုယ်စားလှယ် အဖွဲ့အစည်းများနှင့်တွေ့ဆုံကာ ယင်း တို့အနေဖြင့် ကုမ္ပဏီ၏ လုပ်ငန်းများကြောင့် ဒေသတွင်းတင်းမာမှုများရှိလာမည် ကို ကြောက်ရွံ့ခြင်းရှိမရှိ စသည်တို့ကို ဆွေးနွေးပါ။
- ယင်းသို့ တွေ့ဆုံဆွေးနွေးရာ၌ လူအခွင့်အရေး ဦးစားပေး အနေအထားများဖြင့် အခြေခံ ဆွေးနွေးပြီး အမျိုးသမီးများအနေဖြင့်လည်း ပါဝင်ဆွေးခွင့်ရရှိရန် ဆောင်ရွက်ထားရမည် ဖြစ်ပါသည်။ ဆွေးနွေးပွဲ များတွင်လည်း ဒေသခံ ဘာသာစကားများဖြင့် ဆွေးနွေးနိုင်ရန် စီစဉ်ပေးရပါ မည်။
- ကုမ္ပဏီကအသုံးပြုသည့် အကြံပေးပုဂ္ဂိုလ်၊ ဆက်ဆံရေးတာဝန်ခံများသည် သက်ဆိုင်ရာဒေသခံ လူ့အဖွဲ့ အစည်းများက လူမှုရေးအရယုံကြည်စိတ်ချပြီး တိုင်းရင်းသား လူမျိုးစုများမှ ပုဂ္ဂိုလ်များ ဖြစ်စေရန်လိုပါသည်။ ထို့အပြင် ယင်းပုဂ္ဂိုလ်များသည် အခြေအနေအရပ်ရပ်ကို ဘက်လိုက်မှုမရှိပဲ တင်ပြနိုင် သူများ ဖြစ်ရပါမည်။ ဗမာလူမျိုး မြို့နေပညာတတ်ပုဂ္ဂိုလ်များကို တာဝန်ပေးရာတွင်သတိပြုစေလိုပါသည်။ အထက်ပါပုဂ္ဂိုလ် မျိုးသည် စနစ်တကျလေ့ကျင့်ထားမှုမရှိလျှင် သက်ဆိုင်ရာဒေသခံလူမျိုးစုများနှင့် ထိတွေ့ဆက်ဆံရာတွင် အခက်အခဲရှိနိုင်ပါသည်။
- ဒေသရှိအုပ်ချုပ်မှုအနေအထားများကိုလေ့လာပါ။ အထူးသဖြင့် မြေယာဆိုင်ရာနှင့်အခြားအုပ်ချုပ်ရေး ဆိုင်ရာ ကိစ္စများကိုလေ့လာပါ။(ဥပမာဗဟိုအစိုးရဒေသရှိအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြား လက်နက်ကိုင်အဖွဲ့အစည်းများ -NSAG)
- လယ်ယာမြေပိုင်ဆိုင်မှုနှင့် အမွေကိစ္စများကို အထူးဂရုစိုက်ပါ။
- ကုမ္ပဏီ၏ လုပ်ငန်းစသည်များအကြောင်းကို အင်တာနက်သို့မဟုတ် စာရွက်စာတမ်းများဖြင့် အလွယ်တကူ ပြသနိုင်ရန် စီစဉ်ထားပါ။ အစိုးရ၏ပြန်ကြားရေးဝန်ဆောင်မှု လုပ်ငန်းများကို အားမကိုးပါနှင့်။
- မိမိလုပ်ငန်းနှင့် ပတ်သက်၍စုံစမ်းမှုများ တိုင်တန်းချက်များ မကြေနပ်ချက်များကို လက်ခံရန် အလွယ်တကူ ဆက်သွယ်နိုင်မည့် ဆက်သွယ်ရေးဌာနများ၊ လူပုဂ္ဂိုလ်များထားရှိပေးပါ။

**တွေ့ဆုံဆွေးနွေးမှုများ**

- ဌာနေတိုင်းရင်းသားအုပ်စုများသာမက သက်ရောက်မှုရှိနိုင်သော လူမှုအဖွဲ့အစည်းများ၊ အကျိုးစီးပွား ပါဝင်ပတ်သက်နေသူအားလုံးနှင့် ပွင့်ပွင့်လင်းလင်းတွေ့ဆုံပါ။ ဤကဲ့သို့ မျှမျှတတဆောင်ရွက်ပေးခြင်းဖြင့် စီမံကိန်းဒေသတွင်နေထိုင်ကြသော ဌာနေတိုင်းရင်းသားအုပ်စုများနှင့် ဌာနေတိုင်းရင်းသားမဟုတ်သော အုပ်စုများအကြား တင်းမာမှုများလျော့နည်းစေပါမည်။ သို့ရာတွင် သက်ဆိုင်သူအားလုံးနှင့် ညှိနှိုင်းမှုများပြုနိုင်ရန်အတွက်သီးခြားစီခွဲ၍လည်းကောင်း၊ပြောဆိုသောဘာသာစကားအခက်အခဲကြောင့်လည်းကောင်း တစ်နေရာတစ်ချိန်စီလည်း ဖြစ်နိုင်ပါသည်။
- မိမိကုမ္ပဏီက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်နှင့်တကွ လိုအပ်သောအချက် အလက်များကို ကြိုတင်ဖြန့်ဝေပါ။ ဖြစ်နိုင်လျှင် ပုံနှိပ်၍ ရက်သတ္တပါတ်များစွာ အချိန်ယူ ၍ ကြိုတင်ဖြန့်ဝေပါ။
- အစိုးရဌာနများကိုသာ အားကိုး၍ သတင်းများနှင့် စာစောင်များကို မဖြန့်ပါနှင့်။
- အစိုးရဝန်ထမ်းများပါဝင်မှုကိုလည်းကောင်း အစိုးရနှင့်ပတ်သက်သောနေရာများတွင် ဆွေးနွေးပွဲများ စီစဉ်မှုကိုလည်းကောင်း အနည်းဆုံးဖြစ်အောင်ဆောင်ရွက်ပါ။
- ဆွေးနွေးပွဲများကျင်းပရာ၌လည်း သက်ဆိုင်ရာအစုအဖွဲ့များအတွက် အဆင်ပြေမည့်အချိန်များကို ရွေးချယ်စီစဉ်ပါ။(ဉပမာ-တောင်သူလယ်သမားများ၊တံငါများ)။အကယ်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများသည် သွားလာရေးစရိတ်များ စိုက် ထုတ်ပေးရခြင်းများရှိပါက ယင်းတို့ကို ပြန်ထုတ်ပေးပါ။
- ဆွေးနွေးပွဲတက်ရောက်လာသူများ အလွယ်တကူနားလည်နိုင်ရန် လွယ်ကူရှင်းလင်းသော စကားလုံးများကိုသုံးပါ။ ပုံများ၊ ဇယားများစသည့် အထောက်အကူပြု ပစ္စည်းများကို အသုံးပြုပါ။
- ဆွေးနွေးပွဲများကို တစ်ကြိမ်ထက်မကစီစဉ်ပေးခြင်းသည် တက်ရောက်လာသူများအနေ ဖြင့် သတင်းအချက်အလက်များကို စဉ်းစားချိန်ပိုမို ရစေပါမည်။ သို့မှသာယင်းတို့အနေဖြင့်အကြံပေးချက်များ၊ မှတ်ချက်ပြုခြင်းများ ဆောင်ရွက်နိုင်ပါလိမ့်မည်။
- မိမိကုမ္ပဏီ၏ စီမံကိန်းများကြောင့် ဖြစ်ပေါ်လာနိုင်သောသက်ရောက်မှုများ၊ ကုမ္ပဏီ၏စီမံခန့်ခွဲမှုစနစ်စသည်များကို အများသိအောင် ဆောင်ရွက်ပါ။ ပုံနှိပ်ထုတ်ဝေပါ။ အထူးသဖြင့် သက်ရောက်မှုရှိနိုင်သည့် လူအဖွဲ့အစည်းများ သိရှိနိုင်အောင် ဆောင်ရွက်ပါ။
- ဆွေးနွေးပွဲများ ပြုလုပ်နေစဉ် လုံခြုံရေးအဖွဲ့အစည်းများ အနီးအနားတွင် မရှိစေရန်လိုအပ်ပါသည်။ ဤကိစ္စသည် အရေးကြီးကြောင်းကို သက်ဆိုင်ရာအစိုးရဌာနများနှင့် ကြိုတင်ညှိနှိုင်းထားရန် လိုပါမည်။ ထို့အပြင် လုံခြုံရေးအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများ ကိုပါ စောင့်ကြည့်ရန်လိုပါမည်။

- ဌာနေတိုင်းရင်းသားအုပ်စုများနှင့် အစိုးရ သို့မဟုတ် ကုမ္ပဏီများအပေါ် အမြင်မကြည် လင်မှုများရှိနေသော ဒေသများတွင် အများကယုံကြည်လေးစားသော ဒေသခံဌာနေ တိုင်းရင်းသားကြားခံ ကိုယ်စားလှယ်များကို အသုံးပြုရန်လိုအပ်ပါသည်။

**မကျေနပ်မှုများနှင့် နစ်နာမှုများကိုတိုင်ကြားချက်များ**

- စီမံကိန်းလုပ်ငန်းများကြောင့် သက်ရောက်မှုရှိမည့် ဌာနေတိုင်းရင်းသားလူ့အဖွဲ့အစည်းများ၊ အခြားသော သက်ရောက်မှု ခံရနိုင်ဖွယ်ရှိသည့်သူများနှင့် ဆွေးနွေးညှိနှိုင်းပြီးမကျေနပ်မှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်း ရန် ယန္တရား တစ်ရပ် ထူထောင်ရန် လိုပါမည်။
- ယင်းယန္တရားကို ကုလသမဂ္ဂ၏ UN Guiding Principles on Business and Human Rights ပါမှုများ အတိုင်း ဖွဲ့စည်းပေးရန်ဖြစ်ပါသည်။
- ဤယန္တရားအစီအစဉ်သည် ဒေသခံများနှင့် တွေ့ဆုံညှိနှိုင်းရေးလုပ်ငန်းစဉ်၏ တစ်စိတ်၊ တစ်ဒေသဖြစ်ပါစေ။
- မိမိလုပ်ငန်းအားဝေဖန်မှုများကို အပြုသဘောဆောင်သော တွေ့ဆုံညှိနှိုင်းမှုများဖြင့် ဖြေရှင်းပါ။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် အစိုးရအဖွဲ့အစည်းများအနေဖြင့်လည်း ပြဿနာများကို ဖြေရှင်းရာတွင် အင်အားပြ၊ အာဏာပြခြင်း နည်းလမ်းအပြင် အခြားနည်းလမ်းများ လည်း ရှိကြောင်းသိစေမည်ဖြစ်ပါသည်။
- ဤသို့မကျေနပ်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းမှ ရရှိလာသောသင်ခန်းစာများကို ရယူကာ မိမိတို့နှင့် ဌာနေတိုင်းရင်းသားအုပ်စုများအကြား တွေ့ထိမှုများကို ပိုမိုကောင်းမွန် ချောမွေ့လာအောင်ဆောင်ရွက်ပါ။ မကျေနပ်မှုများဖြစ်ပေါ်စေခဲ့သည့် ယခင်ကလုပ်နည်း လုပ်ဟန်များကို ထပ်မံမလုပ်မိစေရန် သတိပြုပါ။

**လွတ်လပ်စွာကြိုတင်အသိပေး၍ သိရှိပြီးဖြစ်သောသဘောတူညီမှု လိုအပ်သောနေရာများ**

ဌာနေတိုင်းရင်းသားများအနေဖြင့် မိမိတို့၏မြေယာ၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီး လက်လွှတ်ရမည့် အန္တရာယ်နှင့်ကြုံတွေ့ရမည့်အနေအထားများရှိလျှင် ကုမ္ပဏီများသည် ဒေသခံများထံမှ လွတ်လပ်စွာ ကြိုတင်အသိပေး၍ သိရှိပြီးဖြစ်သော သဘော တူညီမှု များ ရယူရန် လိုအပ်ပါသည်။ ယင်းသဘောတူညီချက်များမှာ-

- ဘိုးဘွားစဉ်ဆက် ပိုင်ဆိုင်မှုနှင့် ရိုးရာထုံးစံအရ ထွန်ယက်စိုက်ပျိုးနေသော မြေယာနှင့် သဘာဝ သယံဇာတများအပေါ် မကောင်းသော သက်ရောက်မှုများရှိနိုင်ခြင်း။
- အဆိုပါမြေယာများနှင့် သဘာဝသယံဇာတများမှ ဒေသခံဌာနေတိုင်းရင်းသားများအား ပြောင်းရွှေ့စေခြင်း။
- ဒေသခံ ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှုပွဲလမ်းသဘင်၊ ယုံကြည်ကိုးကွယ်ရာ စသောကိစ္စများအတွက် အရေးပါသော သဘာဝနယ်မြေများ၊ အထွဋ်အမြတ်ထားရာ တောအုပ်၊ ရေပြင်၊ ရေလမ်း၊ သစ်ပင်ကြီးများ၊ ကျောက်ဆောင်ကျောက်တုံးများစသည် များအပေါ်တွင် သက်ရောက်မှုများရှိနိုင်ခြင်း။

- ဒေသခံဌာနေတိုင်းရင်းသားတို့၏ ပညာဗဟုသုတ၊ တီထွင်ဖန်တီးမှုများနှင့် ရိုးရာဓလေ့ ထုံးစံများကို စီးပွားရေး အရ အသုံးပြုခြင်းစသည်များ။

IFC အဖွဲ့၏ PS7 နှင့် ၎င်း၏ Guidance Notes လမ်းညွှန်ချက်များက အောက်ပါ အတိုင်းဆက်လက်၍ဖော်ပြထားပါသည်။ အထူးသဖြင့်အပိုဒ်၁၀တွင် "လုပ်ငန်းဆောင်ရွက်မှုအမှတ်စဉ်(၁)အတိုင်း သက်ရောက်မှု အန္တရာယ်ရှိနေသည့်ဌာနေ တိုင်းရင်းသား အုပ်စုများနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန်။ ဤသို့ဆွေးနွေးရာတွင် အကျိုးစီးပွားပါဝင်ပါတ်သက်သူများကို အသေးစိတ်လေ့လာမှု၊ ဌာနေတိုင်းရင်းသားများနှင့်တွေ့ဆုံ ဆွေးနွေးရေးအစီအစဉ်များ၊ တင်ပြမည့် သတင်းအချက်အလက်၊ တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်မည့် လူအဖွဲ့အစည်းစသည်တို့ပါရှိရမည့်အပြင် ယဉ်ကျေးမှုအရလည်း သင့်တင့် လျောက်ပတ် သော ပုံစံဖြင့် ဆွေးနွေးပွဲများ ကို ပြုလုပ်ရန်" ဟုပါရှိပါသည်။ ထို့အပြင် ဤလုပ်ငန်းစဉ်တွင်-

"ဌာနေတိုင်းရင်းသား အုပ်စုများ၏ ကိုယ်စားလှယ် အဖွဲ့အစည်းများ (ဥပမာ လူမျိုးစုခေါင်းဆောင်များ၊ ကျေးရွာ ခေါင်းဆောင်အဖွဲ့အစည်းများ)အပြင်သက်ဆိုင်ရာဌာနေတိုင်းရင်းသားများပါရှိစေရမည့်အပြင်ယင်းတို့အားစဉ်းစား ဆုံးဖြတ် နိုင်ရန် လုံလောက်သော အချိန်ပေးရမည်" ဟုပါရှိပါသည်။

- စဉ်းစားဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပစ်ပယ်ခြင်းခံရဖွယ်ရှိသောအမျိုးသမီးများနှင့် အခြားလူ့အဖွဲ့အစည်း အုပ်စုများ ပါနိုင်အောင်ဆောင်ရွက်ရန်။
- ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်ချက်များ ဆွေးနွေးပွဲများကို ဒေသ၏ယဉ်ကျေးမှုထုံးတမ်း စဉ်လာများနှင့် ကိုက်ညီကာ ယင်းတို့၏ ရိုးရာ ကိုယ်ပိုင် အုပ်ချုပ်မှုစနစ်များ ရိုးရာ မြေယာပိုင်ဆိုင်မှု သယံဇာတပိုင်ဆိုင်မှုကို မထိခိုက်စေပဲ ပိုမို၍ပင်အားကောင်းလာ စေရန် ရည်ရွယ်ဆောင်ရွက်ချက်များဖြစ်ရပါ မည်။
- အကျိုးအမြတ်များ မျှတစွာခွဲဝေပေးမှုနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ ရပ်တည်ချက်ကို ထည့် သွင်းဖော်ပြပါ။
- ဤသို့သဘောတူညီချက်တောင်းခံခြင်းသည် တစ်ကြိမ်တစ်ခါသာမဟုတ်ပဲ အမြဲဆောင် ရွက်နေမည့်လုပ်ငန်း ဖြစ်ကြောင်း၊ စီမံကိန်းကာလတစ်ခုလုံး လုပ်ဆောင်မည့်လုပ်ငန်း ဖြစ်ကြောင်း ပြောကြားပါ။
- သဘောတူညီခြင်း၊မတူညီခြင်းစသော ဆုံးဖြတ်မှုများ အားလေးစားပါ။ ယင်းသို့သဘောတူခြင်း၊မတူခြင်း သည် နောင်တွင်ဆက်လက်ဆောင်ရွက်ရမည့် တွေ့ဆုံဆွေးနွေးရေး လုပ်ငန်းစဉ်များ၏ အဟန့်အတား အဖြစ် မမြင်သင့်ပါ။

## ၇. အသုံးဝင်သော လမ်းညွှန်များ

- IHRB, "From Red Flags to Green Flags: The Corporate Responsibility to Respect in High-Risk Countries"
-
- International Alert, "Conflict-sensitive Business Practice: Guidance for Extractive Industries"
-
- IPIECA Community Grievance Mechanisms Toolbox
-
- ICMM Indigenous Peoples and Mining Good Practice Guide
-

## ၈။ ဆက်သွယ်ရန်

**Promotion of Indigenous and Nature Together, POINT**
Address: 1102, U Aung Kyaw Lane,
East Gyogone, Insein Township,Yangon, Myanmar.
Phone: +95 (0)9 254 249 494
Email: point.org.mm@gmail.com
Web: www.point-myanmar.org

**Mon Youth Organization**
Min Zar Ni Oo
Secretary
09 401585919
jaernoa85@gmail.com

**IP/EN Network**
Naw Janet Gyi
janet.2099@gmail.com

**All Arakan Students' and Youths' Congress(AASYC)**
Ko Ting Oo,
Coordinator
P.O Box-135, Mae Sot, Tak-63110, Thailand.
Email: aasyc.ghq@gmail.com
Website: www.aasyc.org
Phone: Office +66 (0) 555 066 18
Thailand: +66(0) 881450366
Myanmar: +95(0) 9970988024

**Pyidaungsu Insitute**
Leo Kyaw Zin
Researcher
09 780299849
leotripleseven@gmail.com

**Chin Human Rights Organization**
603-Dundonald Drive, Ottawa,
Ontario, K2J 5Y8, Canada
**PH**: 1-613-491-1878
**Email**: info@chro.ca
**Web**: chro.ca

**Kachin Peace Network**
Khon Ja
Coordinator
09 425288899
khonja2014@gmail.com

-------------------------------------------------------------------------------------------

**Karen Human Rights Group, KHRG**
khrg@khrg.org

**Council of Naga National Affairs**
athongmakury@yahoo.co.uk
+95 (0) 9250079525

**Kachin development network Group, KDNG**
kdngchn@gmail.com

**Human Rights Foundation of Mon Land, HURFOM**
hurfomcontact@yahoo.com

**Shan Human Rights Foundation,SHRF**
Address:
P.O. Box 201, Prasingh P.O.
Chiang Mai
Thailand
50200
E-mail: shrf@shanhumanrights.org
shanhumanrights@gmail.com

**Equality Myanmar**
myominburma@gmail.com

**Burma Center for Ethnic Studies, BCES**
3C5.Yakin Centre, Yankin Township, Yangon
info@burmaethnicstudies.net

**Mon Youth Progressive Organization, MYPO**
Mypo_office@yahoo.com

## ၉. ခက်ဆစ် ဝေါဟာရ

| Burmese word | Transliteration | English meaning | Notes/usage |
|---|---|---|---|
| တိုင်းရင်းသား<br><br>တိုင်းရင်းသား လူမျိုးစု<br><br>တိုင်းရင်းသား လူမျိုးများ<br><br>တိုင်းရင်းသား မျိုးနွယ်စု | *tain-yin-tha*<br><br>*tain-yin-thar lu-myo-su*<br><br>*tain-yin-thar lu-myo-mya*<br><br>*tain-yin-tha myo-nweh-su* | 'ethnic nationality'<br><br>'national race'<br><br>'national races'<br><br>'Indigenous Peoples' | This is the term used in the Constitution and the 2015 Protection of National Races Law<br><br>The Government has reportedly stated that all full citizens are indigenous (*taing yin tha* in the Myanmar language)<br><br>Draft EIA procedures use the word *tain-yin-tha myo-nweh-su* for Indigenous Peoples whom they define [Article 2(v)] as "people with a social or cultural identity distinct from the dominant or mainstream society, which makes them vulnerable to being disadvantaged in the processes of development." |
| တိုင်းရင်းသား လူနည်းစု | *tain-yin-thar lu-neh-zu* | ethnic minority | The 2008 Constitution makes no reference to ethnic minorities [*lu-neh-zu*] or Indigenous Peoples [*hta-nay tain-yin-thar*]; instead it uses the English term "national races" [*tain-yin-thar lu-myo-mya*']<br><br>Some Myanmar ethnic groups do not like to use the lu-neh-zu (minority) word because they feel it sounds like 'weakness' |
| ဒေသခံ တိုင်းရင်းသား | *de-tha-kan tain-yin-tha* | Local ethnic nationality/national race' | This word is sometimes used to refer to the particular ethnic group in the locality (de-tha-kan means 'local') |
| ဌာနေ တိုင်းရင်းသား | *hta-nay tain-yin-thar* | Indigenous Peoples | hta-nay means 'birthplace' or 'place lived at for long time'. This term is generally used by indigenous people groups. It makes one undefined appearance in the 2015 Law |
| ဒေသယင်း ဌာနေ တိုင်းရင်းသားများ | *de-tha-yin hta-nay tain-yin-thar* | Indigenous Peoples living in their ancestral lands | de-tha-yin means 'original area' |